ကြေးမုံ
The Mirror
၁၃၆၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်၊ တနင်္လာနေ့၊ (12-2-2007) (၅၂၁၁)

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ ဝင့်ထည်ခိုင်မြဲစွာ ရပ်တည်နိုင်ရေး မကြုံစဖူးထူးကဲစွာ ရရှိပြီးဖြစ်သော တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို နိုင်ငံသူ နိုင်ငံသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်အခြေခံဖြင့် ကာကွယ်ထိန်းသိမ်း

## နိုင်ငံတော်က ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသော စီးပွားရေးစီမံကိန်းများ အောင်မြင်စေရန် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများ အရှိန်အဟုန်ပြင်းစွာ ဆက်လက်ကြိုးပမ်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၇ ခုနှစ် နှစ် (၆၀)ပြည့် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာ–

**ချစ်ကြည်လေးစားအပ်သော ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများခင်ဗျား–**

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ မင်္ဂလာအခါသမယတွင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်ဝကြစေကြောင်း ဆုမွန်ကောင်းဖြင့် နှုတ်ခွန်းဆက်သအပ်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐

# ကရင်အမျိုးသားအစည်းအရုံး (KNU)/ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (KNLA) ငြိမ်းချမ်းရေးကောင်စီ၏ ငြိမ်းချမ်းရေးအောင်ပွဲ ကြိုဆိုသည့်အခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၁၁

**နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူများနှင့် တပ်မတော်တို့၏ စေတနာမှန်ကန်စွာဖြင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းသာယာဝပြောရေးနှင့် နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ချက်များကို နားလည်ယုံကြည်လက်ခံပြီး ပါဝင်ပူးပေါင်း လက်တွဲဆောင်ရွက်လာသော ကရင်အမျိုးသားအစည်းအရုံး (KNU) / ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် (KNLA) ငြိမ်းချမ်းရေးကောင်စီ၏ ငြိမ်းချမ်းရေးအောင်ပွဲကြိုဆိုသည့် အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ထို့ကော်ကိုးကျေးရွာ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။**

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❍

ကရင်အမျိုးသား အစည်းအရုံး (KNU) / ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် (KNLA) ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ တပ်မဟာ(၇) တပ်မဟာမှူး ဗိုလ်ချုပ်ဌေးမောင်နှင့် တပ်ဖွဲ့ဝင်များအား ဒေသခံတိုင်းရင်းသားပြည်သူများက နွေးထွေးပျူငှာပျော်ရွှင်စွာ ကြိုဆိုကြစဉ်။ (သတင်းစဉ်)

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror
၁၂-၂-၂၀၀၇
(တနင်္လာနေ့)

# တိုင်းရင်းသားလူမျိုးများ ချစ်ချစ်ခင်ခင်လက်တွဲရပ်တည် အေးချမ်းသာယာ ညီညာပေါင်းစု ပြည်ထောင်စုကြီးအဓွန့်ရှည်

၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်(ယနေ့)သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ဖြစ်သည်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည့် တိုင်းရင်းသားများသည် နှစ်ပရိစ္ဆေဒ ကြာမြင့်စွာကပင် တစ်မြေတည်းနေ၍ တစ်ရေတည်းသောက်ကာ ချစ်ချစ်ခင်ခင် ပေါင်းစည်းယှက်နွှယ်နေထိုင်လာခဲ့ကြသည်မှာ ယနေ့ကာလတိုင်ဖြစ်သည်။

မြန်မာနိုင်ငံသည် နိုင်ငံသူ၊ နိုင်ငံသား လူပုဂ္ဂိုလ်တစ်ဦးချင်းကို အခြေခံပြီး ဖွဲ့စည်းတည်ထောင်ထားသည့် နိုင်ငံမျိုးမဟုတ်ဘဲ မိသားစုကို အခြေခံသည့် လူ့အဖွဲ့အစည်းတစ်ခု၏ အနှစ်သာရနှင့်အညီ ဖွဲ့စည်းဖြစ်တည်လာခဲ့ခြင်းဖြစ်သည်။ ပြည်ထောင်စုဖွား တိုင်းရင်းသား မျိုးနွယ်စုများအကြား တစ်ဦးအပေါ် တစ်ဦးနားလည်စာနာမှု၊ သည်းခံခွင့်လွှတ်မှု၊ အပြန်အလှန် ရိုင်းပင်းကူညီဖေးမမှု၊ အပြန်အလှန် မှီခိုအားထားယုံကြည်မှု၊ အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုစသည့် မိသားစုစိတ်ဓာတ် အခြေခံကောင်းများ ဖြစ်ထွန်းလျက်ရှိသည်။ အဆိုပါ အခြေခံကောင်းများက ပေါက်ဖွားလာသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်သည် တိုင်းရင်းသားသွေးချင်းများ၏ စိတ်သန္တာန်တွင် အစဉ်ရှင်သန်နိုးကြားနေဆဲဖြစ်သည်။

၁၉ ရာစုနှောင်းပိုင်းတွင် ကိုလိုနီနယ်ချဲ့တို့က မြန်မာနိုင်ငံကို သိမ်းပိုက်အုပ်ချုပ်ခဲ့ကြသည်။ သို့သော် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံမြေ၌ တိုင်းရင်းသားခေါင်းဆောင်များ စုဝေး၍ ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးကာ တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို အခိုင်အမာ ပြသနိုင်ခဲ့သည်။ တိုင်းရင်းသား စည်းလုံးညီညွတ်မှု စွမ်းပကား၊ ခိုင်မာသည့် ပြည်ထောင်စုစိတ်ဓာတ်စွမ်းအားတို့ဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် လွတ်လပ်သောနိုင်ငံ၊ လွတ်လပ်သောလူမျိုးဘဝကို ပြန်လည်ရယူ ထိန်းသိမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာ့လွတ်လပ်ရေးအတွက် စတင်သန္ဓေတည်ပေးခဲ့သည့် ဖေဖော်ဝါရီလ ၁၂ ရက် ပြည်ထောင်စုနေ့သည် တိုင်းရင်းသား လူမျိုးအားလုံးအတွက် အမွန်အမြတ်ထားရသော သမိုင်းဝင် နေ့ထူးနေ့မြတ်ဖြစ်ရာနှစ်စဉ်နှစ်တိုင်း ပြည်ထောင်စုနေ့အခမ်းအနားများကို အမျိုးသားရေးဦးတည်ချက်များချမှတ်ပြီး ထည်ထည်ဝါဝါ ကျင်းပလျက်ရှိသည်။

အတိတ်သမိုင်း အတွေ့အကြုံများအရ တိုင်းရင်းသားများအကြား စည်းလုံးညီညွတ်မှု ခိုင်မြဲနေမှသာ ပြည်ထောင်စုကြီးသည် အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ရေရှည်တည်တံ့ ခိုင်မြဲနေမည်ဖြစ်သည်။ သို့ဖြစ်ရာ ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးအားလုံး ထာဝစဉ် ချစ်ချစ်ခင်ခင် သိုက်သိုက်ဝန်းဝန်း ပေါင်းစည်းနေထိုင်ပြီး နိုင်ငံတော်ကို ကာကွယ်ထိန်းသိမ်းကြခြင်းဖြင့် တည်ငြိမ်အေးချမ်း ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုကြီး ထာဝရအဓွန့်ရှည် တည်တံ့ခိုင်မြဲနေမည် ဖြစ်ပါသည်။ ။



ပုသိမ်မြို့ မြောင်းမြ ပရိယတ္တိစာသင်တိုက်၌ ကျင်းပသော ရွှေကျင်ဝိနယာဓိက ဝိနည်းစာဖြေ၊ စာပြန်ပွဲအတွက် ကျပ် ၁၀ သိန်းကို အလှူရှင် ဦးထွန်းအေး-ဒေါ်ကေသွယ်ဝင်း(ရွှေပုသိမ်ကုမ္ပဏီ) မိသားစုက ကွယ်လွန်သူ ဦးအောင်ညို၊ ဒေါ်ကျင်တို့အား ရည်စူး၍ ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



## ဆက်ကပ်

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း အဂ္ဂမဟာအကျော် ဓမ္မာစရိယ (ပထမ) ရရှိသော အရှင်ဇောတိပါလအား အောင်လက်မှတ်နှင့် အဆောင်အယောင်တံဆိပ်ကို ဆက်ကပ်စဉ်။ (သတင်းစဉ်)

# (၅၃)ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း တက်ရောက်ကြည်ညို

ရန်ကုန် ဖေဖော်ဝါရီ ၁၁

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော (၅၃)ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း တက်ရောက်ကြည်ညို၍ စာအောင်သံဃာတော်များအား အောင်လက်မှတ်နှင့်အဆောင်အယောင်တံဆိပ်များ ဆက်ကပ်ပြီး လှူဖွယ်ဝတ္ထုပစ္စည်းများကို လှူဒါန်းသည်။**

အဆိုပါ မဟာဘွဲ့နှင်းသဘင်အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိကဆရာတော်များ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်နှင့် အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်တို့မှ ပါမောက္ခချုပ် ဆရာတော်များ၊ ရန်ကုန်တိုင်း သံဃနာယက ဆရာတော်များ၊ ပညာရေးဗဟိုအဖွဲ့ ဆရာတော်များ၊ ပရိယတ္တိစာသင်တိုက်ကြီးများမှ စာချဆရာတော်များ၊ ဓမ္မာစရိယဘွဲ့ရ သံဃာတော်များနှင့် ပထမပြန်စာမေးပွဲ၊ နိကာယ်စာမေးပွဲ၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ အထူးအောင်ပုဂ္ဂိုလ်များကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ အကြံပေးပုဂ္ဂိုလ် ဦးအံ့မောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်နှင့်မြို့နယ်တို့မှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့ဝင်များ၊ သာသနာရေးဝန်ကြီးဌာနမှ အရာထမ်း အမှုထမ်းများ၊ ဘာသာရေးအသင်းအဖွဲ့ဝင်များ၊ စာအောင် သံဃာတော်များ၏ ဒါယကာ ဒါယိကာမများနှင့် ဖိတ်ကြားထားသူများ တက်ရောက် ကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရုအဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ကုမာရထံမှ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း အမှူးပြုသည့် ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ကုမာရက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ သာရဏီယဩဝါဒကထာကို မြွက်ကြားတော်မူသည်။

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေး ဆိုင်ရာများကိုလျှောက်ထားသည်။

ယင်းနောက် ဓမ္မာစရိယ၊ ပထမပြန်၊ နိကာယ်စာမေးပွဲ၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲအထူးအောင် ပုဂ္ဂိုလ်များအား အောင်လက်မှတ်နှင့် အဆောင်အယောင်တံဆိပ်များဆက်ကပ်ပွဲကိုကျင်းပရာရှေးဦးစွာတိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက အဂ္ဂမဟာအကျော် ဓမ္မာစရိယ (ပထမ)ရ အရှင်ဇောတိပါလနှင့် ဓမ္မာစရိယ(ဒုတိယ)ရအရှင်ဒေဝသုခတို့အား လည်းကောင်း၊ ဝန်ကြီးဗိုလ်မှူးချုပ် သူရမြင့်မောင်က ဓမ္မာစရိယ (တတိယ)ရ အရှင်လောကသိရီလင်္ကာရနှင့်ပထမကျော်ပထမကြီးတန်း (ပထမ)ရ အရှင်ဇဝနာလင်္ကာရတို့အား လည်းကောင်း အောင်လက်မှတ်နှင့်အဆောင်အယောင်တံဆိပ်များကို ဆက်ကပ်ကြသည်။

ဆက်လက်၍ အကြံပေးပုဂ္ဂိုလ် ဦးအံ့မောင်က ပထမကြီးတန်း(ဒုတိယ)ရ အရှင်မေဓိယာလင်္ကာရ၊ ပထမကြီးတန်း(တတိယ)ရ အရှင်ပညာသီဟာလင်္ကာရနှင့် ပထမလတ်တန်း(ပထမ)ရ အရှင်ဉာဏဓဇ လင်္ကာရ တို့အား လည်းကောင်း၊ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်မောင်စိုးကပထမလတ်တန်း(ဒုတိယ)ရအရှင်ပညာသီဟနှင့် ပထမလတ်တန်း(တတိယ)ရ အရှင်ကုဝေရတို့အား လည်းကောင်း၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်က ပထမငယ်တန်း(ပထမ)ရ အရှင် အဂ္ဂဉာဏ၊ ပထမငယ်တန်း(ဒုတိယ)ရ ရှင်ဇောတိပါလနှင့် ပထမငယ်တန်း(တတိယ)ရ ရှင်ဓမ္မိဿရတို့အား လည်းကောင်း၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်က အုပ်စု(၈) ခုဒ္ဒကနိကာယ(ပထမ)ရ အရှင်ရာဇိန္ဒ၊ အုပ်စု(၈) ခုဒ္ဒကနိကာယ(ဒုတိယ)ရ အရှင်အဂ္ဂဝံသနှင့် အုပ်စု(၈) ခုဒ္ဒကနိကာယ(တတိယ)ရ အရှင်သုနန္ဒတို့အား လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာမြင့်ကြည်က အုပ်စု(၅)အင်္ဂုတ္တရနိကာယ (ပထမ)ရ အရှင်ဓမ္မာလင်္ကာရ၊ အုပ်စု(၅)အင်္ဂုတ္တရ နိကာယ(ဒုတိယ)ရ အရှင်ကေလာသာလင်္ကာရနှင့် အုပ်စု(၅) အင်္ဂုတ္တရနိကာယ(တတိယ)ရ အရှင်ပညာသာရာလင်္ကာရတို့အားလည်းကောင်း အောင်လက်မှတ်နှင့်အဆောင်အယောင်တံဆိပ်များကို ဆက်ကပ်ကြသည်။

ထို့နောက် သံယုတ္တနိကာယ၊ မဇ္ဈိမနိကာယ၊ ဒီဃနိကာယနှင့် ခုဒ္ဒကနိကာယတို့တွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော သံဃာတော်များအား တာဝန်ရှိသူအသီးသီးတို့က အောင်လက်မှတ်နှင့် အဆောင်အယောင် တံဆိပ်များကို ဆက်ကပ်ကြသည်။

ဆက်လက်၍ ဓမ္မာစရိယ၊ ပထမကြီးတန်း၊ ပထမလတ်၊ ပထမငယ်၊ အင်္ဂုတ္တရနိကာယ၊ ခုဒ္ဒကနိကာယ၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်တို့တွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော သာသနာနွယ်ဝင် သီလရှင်များနှင့် လူပုဂ္ဂိုလ်တို့အား သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၏ ဇနီး ဒေါ်မြင့်မြင့်ရီ၊ သာသနာရေးဦးစီးဌာန အကြံပေးအရာရှိများဖြစ်ကြသော ဒေါ်ခင်လှသီနှင့် ဒေါ်ခင်နွဲ့ဟန်ကြည်တို့က အောင်လက်မှတ်များကို ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ညောင်တုန်းဆရာတော် ဘဒ္ဒန္တဩဘာသာဘိဝံသက အနုမောဒနာတရား ဟောကြားချီးမြှင့်တော်မူရာ တိုင်းမှူးဗိုလ်ချုပ်လှဋ္ဌေးဝင်း အမှူးပြုသည့် ပရိသတ်တို့ကလှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် သာသနာ့အာဇာနည်စာမေးပွဲ အထူးအောင် ပုဂ္ဂိုလ်များနှင့် စာအောင် သံဃာတော်များအား အစီအစဉ်အတိုင်း ပင့်ဆောင်၍ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး ဗုဒ္ဓသာသနံစိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

## ဝိပဿနာ တရားစခန်းဖွင့်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

မြတ်ဗုဒ္ဓ၏ ပဋိပတ်အကျင့်မြတ်တရားတော်များကို ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ သမထဝိပဿနာတရားတော်များကို ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးသန်းရွှေ(ဒလ-အုံ့ကြီး)က မြောက်ဥက္ကလာပမြို့နယ်(င)ရပ်ကွက် သန္တာ(၁၇)လမ်း ရန်အောင်ကျောင်းတိုက်ဝင်း အောင်သာဝတီ စာသင်တိုက်ရှိ ဓမ္မအာဟာရဆွမ်းစားကျောင်းတော်ကြီးတွင် ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၉ ရက်အထိ ညနေ ၆ နာရီခွဲမှ ၈ နာရီအတွင်း၊ မကွေးမြို့ မြို့လယ်သံဃဒါန ဆွမ်းလောင်းဓမ္မာရုံတွင် ၂၁ရက်မှ ၂၇ရက်အထိ ညနေ ၆နာရီခွဲမှ ၈နာရီအတွင်း၊ မတ်၁ရက်မှ ၇ရက်အထိ ဗိုလ်တထောင်ဘုရား ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံတွင် ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း၊ ရွှေတိဂုံဘုရားအရှေ့ဘက်စောင်းတန်းအနီး အာဇာနည်လမ်းရှိ ရှင်သာမဏေဓမ္မဗိမာန်တွင် မတ် ၆ ရက်မှ ၁၂ ရက်အထိ ညနေ ၅ နာရီမှ ၆နာရီခွဲအတွင်း ကိုယ်တွေ့ ဉာဏ်မြင်ခန္ဓာဉာဏ်ရောက် ဟောပြော ပို့ချမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (က-ပ)

# ပြည်ထောင်စုမြန်မာနိုင်ငံတော်အပေါ် ဩဇာလွှမ်းမိုးခြယ်လှယ်လိုသည့် နိုင်ငံကြီးအချို့ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားစေရန် သွေးခွဲသပ်လျှိုမှုများ လုပ်ဆောင်နေ

❐ ရှေ့ဖုံးမှ

ကျွန်ုပ်တို့၏သွေးချင်းသားချင်း ညီနောင်ရင်းများဖြစ်ကြသည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း အစရှိသော တိုင်းရင်းသားလူမျိုးတို့သည် ဤအမိပြည်ထောင်စုကြီးတွင် တစ်မြေတည်းနေ တစ်ရေတည်းသောက်ကြလျက် သုခ၊ ဒုက္ခဟူသမျှတို့ကို မျှဝေခံစားကြရင်း တစည်းတလုံးတည်း စုစည်းနေထိုင်ခဲ့ကြသည်မှာ သမိုင်းခေတ်ဦးမှစ၍ ယနေ့ထက်တိုင်အောင်ပင် ဖြစ်ပါသည်။

မြန်မာ့သမိုင်းစဉ်တစ်လျှောက်တွင် ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများအားလုံးတို့သည် တစ်စိတ်တစ်ဝမ်းတည်း စည်းလုံးညီညွတ်ခဲ့ကြပြီး ပြည်ပရန်စွယ်အသွယ်သွယ်ကို လက်တွဲတွန်းလှန် တိုက်ဖျက်နိုင်ခဲ့သဖြင့် **"ပြည်ထောင်စုမြန်မာနိုင်ငံတော်"**တည်းဟူသော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် တင့်တယ်ထည်ဝါစွာ မားမားမတ်မတ်ရပ်တည်နိုင်ခဲ့ပါသည်။ ဤသို့ အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံတော်ကြီးကို ထူထောင်နိုင်သော ကာလများ၌ တိုင်းရင်းသား စည်းလုံးညီညွတ်မှုအင်အားနှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ ထွန်းကားရှင်သန်ပြီး နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများ အထူးပင် ရှင်သန်ဖွံ့ဖြိုးတိုးတက်ခဲ့သည်ကို တွေ့မြင်ကြရမည် ဖြစ်ပါသည်။

သို့ရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု လျော့ပါးသည့်ကာလ၊ ပြည်ထောင်စုစိတ်ဓာတ် မှေးမှိန်သည့်ကာလများတွင်မူ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများ ဆုတ်ယုတ်လျော့ပါးခဲ့ပြီး နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးစော်ကားခံခဲ့ရသည်များ ရှိခဲ့ပါသည်။ ၁၉ ရာစုအတွင်း ကိုလိုနီ နယ်ချဲ့တို့က ၁၈၂၄ ခုနှစ်တွင် တစ်ကြိမ်၊ ၁၈၅၂ ခုနှစ်တွင် တစ်ကြိမ်၊ ၁၈၈၅ ခုနှစ်တွင် တစ်ကြိမ် လက်နက်အားကိုးဖြင့် ကျူးကျော်စစ်များ ဆင်နွှဲခဲ့ပြီး မြန်မာနိုင်ငံတော်ကြီးကို သိမ်းပိုက်၍ မြန်မာတိုင်းရင်းသားများကို ကျွန်ပြုအုပ်ချုပ်ခဲ့ကြပါသည်။

ကိုလိုနီနယ်ချဲ့တို့သည် မြန်မာနိုင်ငံကို တာရှည်စွာ ကျွန်ပြုအုပ်ချုပ်နိုင်ရေးအတွက် မြေပြန့်ဒေသနှင့် တောင်တန်းဒေသများဟူ၍ ခွဲခြားအုပ်ချုပ်ခဲ့ပြီး မြန်မာတိုင်းရင်းသားတို့၏ ဇာတိသွေး ဇာတိမာန်နှင့် တိုင်းချစ် ပြည်ချစ်စိတ်ဓာတ်တို့ကို ဖိနှိပ်ဖျက်ဆီးပြီး တိုင်းရင်းသားအချင်းချင်း အထင်အမြင်လွဲမှားကာ တစ်ဦးအပေါ်တစ်ဦး သံသယစိတ်များ ဖြစ်ပေါ်စေရန် သွေးခွဲခဲ့ကြပါသည်။ မြန်မာနိုင်ငံအား လွတ်လပ်ရေး ပေးရမည့် အချိန်တွင်ပင် တောင်တန်းဒေသများကို လွတ်လပ်ရေး မပေးဘဲ ခွဲခြားချန်လှပ်ထားရန် နယ်ချဲ့တို့က ကြံစည်အားထုတ်ခဲ့ကြပါသည်။

သို့ရာတွင် **အရေးကြီးလျှင် သွေးနီးသည်၊ ရေကိုသား၍ အကြားမထင်** ဟူသော စကားရပ်များနှင့်အညီ မြန်မာတိုင်းရင်းသားတို့သည် နယ်ချဲ့ဆန့်ကျင်ရေး စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်တို့ကို ပြန်လည်တည်ဆောက်ပြီး မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် ဘက်စုံထောင့်စုံမှ နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြရာ လွတ်လပ်ရေးအတွက် အဓိကအရေးကြီးသည့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် အမိပင်လုံမြေ၌ တိုင်းရင်းသားခေါင်းဆောင်များက ခိုင်ခိုင်မာမာ ပြသနိုင်ခဲ့ကြပါသည်။

ဤသို့ စည်းလုံးညီညွတ်မှုကို ပြသနိုင်ခဲ့သည့်အလျောက် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံသည် လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်ဆိုင်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အဖြစ် ကမ္ဘာ့အလယ်တွင် ခံ့ထည်စွာ ပြန်လည်ရပ်တည်နိုင်ခဲ့ပါသည်။

ကိုလိုနီနယ်ချဲ့တို့က ပြည်ထောင်စုကြီးကို အစိတ်စိတ်အမြွှာမြွှာ သွေးခွဲအုပ်ချုပ်ပြီး နယ်မြေဒေသ တစ်ခုနှင့်တစ်ခု ဖွံ့ဖြိုးတိုးတက်မှု ကွာဟလာစေရန်၊ ပြည်ထောင်စုဖွား တိုင်းရင်းသားအချင်းချင်း သံသယပွားစိတ်ဝမ်းကွဲပြားလာစေရန် စီမံဆောင်ရွက်ခဲ့ကြသဖြင့် လွတ်လပ်ရေးရပြီးနောက် နှစ်ပေါင်းလေးဆယ်ကျော်ကြာ လက်နက်ကိုင် ပဋိပက္ခများဖြစ်ပွားခဲ့ရပြီး ပြည်ထောင်စုကြီး ပြိုကွဲလုအခြေအနေသို့ သုံးကြိမ်တိုင်တိုင် ရောက်ရှိခဲ့ရခြင်း အပါအဝင် ကိုလိုနီနယ်ချဲ့တို့ ဖန်တီးခဲ့သည့် သမိုင်းကြောင်းဆိုးမွေများကို ယနေ့ထက်တိုင် ရင်ဆိုင်ဖြေရှင်းနေရဆဲ ဖြစ်ပါသည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု မရှိခဲ့သောကြောင့် နိုင်ငံတော် ဖွံ့ဖြိုးရေးကို အလေးထား မဆောင်ရွက်နိုင်ခဲ့ဘဲ နိုင်ငံတော်သည် ဖွံ့ဖြိုးမှုနောက်ကျခဲ့ရပါသည်။

**ယနေ့အချိန်အခါတွင်လည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်အပေါ် ဩဇာလွှမ်းမိုးခြယ်လှယ်လိုသည့် နိုင်ငံကြီးအချို့သည် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားစေရန်၊ လက်နက်ကိုင် ပဋိပက္ခများ ပြန်လည်ပေါ်ပေါက်စေရန် လူမျိုးရေး သွေးခွဲသပ်လျှိုမှုများ လုပ်ဆောင်နေသကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်နှောင့်နှေးကြန့်ကြာစေရန် စီးပွားရေးပိတ်ဆို့ဟန့်တားမှုများ၊ နိုင်ငံရေးအရ လှုံ့ဆော်သွေးထိုး စွက်ဖက်နှောင့်ယှက်မှုများ လုပ်ဆောင်လျက်ရှိသည်ကို အမျိုးသားရေး သတိရှိကြရန် လိုအပ်ပါသည်။**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကြောင့် တိုင်းပြည် အင်အားတောင့်တင်း၍ ဖွံ့ဖြိုးစည်ပင်ခဲ့သည်ကိုလည်းကောင်း တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ခြင်းကြောင့် တိုင်းပြည်အင်အား ချည့်နဲ့၍ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့သည်ကိုလည်းကောင်း သမိုင်းသင်ခန်းစာအဖြစ် ရယူ၍ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ချမှတ်ကာ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မာအောင် တည်ဆောက်ခဲ့ပါသည်။ ထို့ကြောင့်ပင် တောတွင်း တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ၁၇ဖွဲ့သည် ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြပြီးဖြစ်ရာ ကျန်ရှိသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ ဥပဒေဘောင်အတွင်း ဝင်ရောက်ရေးကိုလည်း နွေးထွေးစွာဖြင့် အစဉ်အမြဲ လက်ကမ်းကြိုဆိုပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှု ရာခိုင်နှုန်းပြည့် ရရှိရမည်ဟူသော သန္နိဋ္ဌာန်ဖြင့် ဆက်လက်ကြိုးပမ်း ဆောင်ရွက်လျက် ရှိနေပါသည်။

**ထိုသို့ အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှု ရရှိခဲ့၍ နိုင်ငံနှင့်အဝန်းတည်ငြိမ်အေးချမ်းလာသည့်အလျောက် ဖွံ့ဖြိုးမှုနောက်ကျနေခဲ့သော နယ်စပ်ဒေသများ အပါအဝင် ကျေးလက်ဒေသများတွင် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ ရေရရှိရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး ဘက်ပေါင်းစုံတို့တွင် ဖွံ့ဖြိုးတိုးတက်စေပြီး ကျေးလက်နှင့် မြို့ပြ ဖွံ့ဖြိုးမှု ကွာဟချက် ကျဉ်းမြောင်းအောင်ဆောင်ရွက်ရင်း တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုမပြိုကွဲရေးကို ထိန်းသိမ်း ကာကွယ်လျက်ရှိပါသည်။**

ယင်းအခြေခံကောင်းများကို အရင်းတည်၍ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်ကာ အဓိကအကျဆုံးနှင့် ပထမဆုံးသော လုပ်ငန်းစဉ်ဖြစ်သည့် အမျိုးသားညီလာခံကြီးကို တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ် အများစုပါဝင်ပြီး အောင်မြင်စွာ ကျင်းပလျက် ရှိနေပါသည်။ **နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် ရပ်တည်နိုင်ရေးအတွက် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေးနှင့် ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေးကို နိုင်ငံရေးဦးတည်ချက်အဖြစ် ချမှတ်ကာ အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်နေပါသည်။**

ထို့ကြောင့် ဗြဟ္မစိုရ်တရား၊ လောကပါလတရားတို့ကို အခြေခံလျက် လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ တန်းတူ ရည်တူရှိခြင်း၊ တရားဥပဒေစိုးမိုးခြင်း အခြေခံကောင်းများ နိုင်ငံတော်အတွင်း ဆက်လက်ဖြစ်ထွန်းလာစေရေးကိုလည်းကောင်း၊ ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများအကြား ငြိမ်းချမ်းသာယာမှု၊ နှလုံးစိတ်ဝမ်းတူညီမှု၊ ပေါင်းစည်းခိုင်မြဲမှု အစဉ်အလာကောင်းများ အစဉ်ထာဝရ ထွန်းကားပြန့်ပွားလာစေရေးကိုလည်းကောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့် အကျိုးရလဒ်ကောင်းများကို ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများအားလုံး ညီညွတ်မျှတစွာ ခွဲဝေခံစားနိုင်ကြစေရေးကိုလည်းကောင်း အာမခံနိုင်သည့် တိုင်းရင်းသားလူမျိုးများကိုယ်တိုင် ပါဝင်ရေးဆွဲကြသော နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ် ပေါ်ထွန်းလာတော့မည် ဖြစ်ပါသည်။

**နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ရိုးရှင်းပွင့်လင်းစွာ ထုတ်ဖော်ကြေညာထားပြီး ဖြစ်ရာ အဆိုပါ မူဝါဒလမ်းစဉ် (၇)ရပ်သည် စည်းကမ်းပြည့်ဝ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာစေရန်အတွက် တိုင်းရင်းသားပြည်သူအားလုံးက မမှိတ်မသုန် ဦးတည်ချီတက်ကြရမည့် ခရီးလမ်းပင်ဖြစ်ပါသည်။ တိုင်းချစ်ပြည်ချစ်စိတ်ရှိသော တိုင်းရင်းသားပြည်သူများက ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ် အပြည့်အဝဖြင့် ထိုခရီးလမ်းတစ်လျှောက် တည့်မတ်ဖြောင့်ဖြူးစွာ လျှောက်လှမ်းကြရန် ဖြစ်ပါသည်။**

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ ကမ္ဘာ့အလယ်တွင် ဝင့်ဝင့်ထည်ထည် တည်တံ့ခိုင်မြဲစွာရပ်တည်နိုင်ရေးအတွက် မကြုံစဖူး ထူးကဲစွာ ရရှိပြီးဖြစ်သော တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို နိုင်ငံသူ၊ နိုင်ငံသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ် အခြေခံဖြင့် ကာကွယ်ထိန်းသိမ်းကြရမည့် တာဝန်ရှိကြပါသည်။

ထို့အတူ နိုင်ငံတော်ကြီး ကမ္ဘာနှင့်ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ရေးဆွဲ၍ အကောင် အထည်ဖော်လျက်ရှိသော စီးပွားရေးစီမံကိန်းများ အောင်မြင်စေရန် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများ၏ ကျစ်လျစ်ခိုင်မာသော စုစည်းမှုဖြင့်လည်းကောင်း၊ ဖြစ်ထွန်းလျက်ရှိသော အမျိုးသားရေး အင်အားစုကြီး၏ စွမ်းအားဖြင့်လည်းကောင်း အရှိန်အဟုန်ပြင်းစွာ ဆက်လက် ကြိုးပမ်းသွားကြရမည်ဖြစ်ပါသည်။

သို့ဖြစ်၍ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ ရင့်သန်ခိုင်မာစေရန် အားထုတ်ကြိုးပမ်းကြရင်း ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်နိုင်ငံတော်ကြီး ဖြစ်ပေါ်လာစေရေးအတွက် ၂၀၀၇ ခုနှစ် (၆၀)ပြည့် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များဖြစ်သော–

- **ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊**
- **တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊**
- **ပြည်ထောင်စုကြီး ထာဝရ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသား အားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊**
- **နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊**
- **နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စု တိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး**

တို့ကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံး တက်တက်ကြွကြွဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ကြပါရန် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ ပြည်ထောင်စုနေ့အခါသမယတွင် ချစ်ကြည်လေးစားစွာ တိုက်တွန်းအပ်ပါသည်။

**နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ရိုးရှင်းပွင့်လင်းစွာ ထုတ်ဖော်ကြေညာထားပြီး ဖြစ်ရာ အဆိုပါ မူဝါဒလမ်းစဉ်(၇)ရပ်သည် စည်းကမ်းပြည့်ဝ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာစေရန်အတွက် တိုင်းရင်းသားပြည်သူအားလုံးက မမှိတ်မသုန် ဦးတည်ချီတက်ကြရမည့် ခရီးလမ်းပင်ဖြစ်။**

**တိုင်းချစ် ပြည်ချစ်စိတ်ရှိသော တိုင်းရင်းသားပြည်သူများက ပြည်ထောင်စု စိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ် အပြည့်အဝဖြင့် ထိုခရီးလမ်းတစ်လျှောက် တည့်မတ်ဖြောင့်ဖြူးစွာ လျှောက်လှမ်းကြရန်ဖြစ်။**



အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ ကမ္ဘာလှည့်ခရီးသည်တစ်ဦး လေထီးဖြင့် လေဟုန်စီးနေသည်ကို ဖေဖော်ဝါရီ ၁၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# တစ်နိုင်ငံတည်းသော မဟာအင်အားကြီးဖြစ်ရေး အမေရိကန်၏မူဝါဒကြောင့် ကမ္ဘာကြီးမလုံခြုံ နိုင်ငံတကာလုံခြုံရေးညီလာခံတွင် ပူတင်ဝေဖန်

မြူးနစ် ဖေဖော်ဝါရီ ၁၁

အမေရိကန်နိုင်ငံသည် ကမ္ဘာပေါ်တွင် တစ်နိုင်ငံတည်းသောမဟာအင်အားကြီးနိုင်ငံအဖြစ် ရပ်တည်နိုင်ရန် ရည်မှန်းသည့်မူဝါဒများကို ချမှတ်ကျင့်သုံးနေကြောင်း၊ ကမ္ဘာကြီးကို လွှမ်းမိုးလိုသည့် အမေရိကန်အစိုးရ၏မူဝါဒသည် ကမ္ဘာကြီးကို ဘေးအန္တရာယ်ပိုမိုကျရောက်စေနိုင်ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က စနေနေ့တွင် ဝေဖန်ပြောကြားသည်။ သမ္မတပူတင်သည် ၎င်း၏သက်တမ်း ခုနစ်နှစ်တာကာလအတွင်း အပြင်းထန်ဆုံး စကားလုံးများဖြင့် အမေရိကန်နိုင်ငံကို ဝေဖန်ပြောဆိုခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံသည် ကမ္ဘာပေါ်တွင် တစ်နိုင်ငံတည်းသော အရှင်သခင်နိုင်ငံအဖြစ် ရပ်တည်နိုင်ရန် ကြိုးပမ်းနေကြောင်း၊ တစ်နိုင်ငံတည်းသော မဟာအင်အားကြီးနိုင်ငံအဖြစ် အမေရိကန်နိုင်ငံက တစ်ဖက်သတ်ပြုမူခြင်းဖြင့် အင်အား ချိန်ခွင်လျှာပျက်ယွင်းမှုဖြစ်ပေါ်ရကြောင်း ဂျာမနီနိုင်ငံ မြူးနစ်မြို့တွင် ကျင်းပသည့် နိုင်ငံတကာလုံခြုံရေးဆိုင်ရာညီလာခံ၌ ပြောကြားသည်။

သမ္မတပူတင်သည် အမေရိကန်နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒလွဲချော်နေပုံနှင့်ပတ်သက်၍ တစိုက်မတ်မတ် ဝေဖန်ပြောကြားခဲ့သူဖြစ်သည်။ အီရန်၊ အီရတ်နှင့် မြောက်ကိုရီးယား ပြဿနာများနှင့်ပတ်သက်နေသော အမေရိကန်အစိုးရ၏ မူဝါဒကို ၎င်းက ပြစ်တင်ရှုတ်ချခဲ့သည်။

***အင်တာနက်။***

# ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေး ကမ္ဘာ့ဖွံ့ဖြိုးပြီးနိုင်ငံများ စံနမူနာပြသသင့်

ပေကျင်း ဖေဖော်ဝါရီ ၁၁

**ဖန်လုံအိမ်အာနိသင်ရှိ ဓာတ်ငွေ့များထုတ်လွှတ်မှု လျှော့ချရေးတွင် ကမ္ဘာ့ဖွံ့ဖြိုးပြီးနိုင်ငံများက စံနမူနာပြသသင့်ကြောင်း တရုတ်အစိုးရက ဖေဖော်ဝါရီ ၁၀ ရက်တွင် တိုက်တွန်းလိုက်သည်။**

ရာသီဥတု ပြောင်းလဲခြင်းဆိုင်ရာ မူဘောင်ကွန်ဗင်းရှင်းနှင့် ကျိုတိုစာချုပ်တို့အရ ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့များ ထုတ်လွှတ်မှုလျှော့ချရာတွင် ဖွံ့ဖြိုးပြီးနိုင်ငံများက ဦးဆောင်ရန် လိုအပ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ကျန်းယုက ပြောကြားသည်။

ကုလသမဂ္ဂ၏ ရာသီဥတု ပြောင်းလဲခြင်းဆိုင်ရာ အစိုးရအဖွဲ့ချင်း ညှိနှိုင်းရေးအုပ်စုက မကြာသေးမီက ထုတ်ပြန်လိုက်သော အစီရင်ခံစာတစ်ရပ်နှင့် ပတ်သက်၍ တရုတ်အစိုးရ၏ သဘောထားရပ်တည်ချက်ကို ထုတ်ဖော်ပြောကြားခြင်းဖြစ်သည်။

လာမည့်နှစ်ပေါင်း ၁၀၀၀ ကျော်ကာလအတွင်း မိုးခေါင်မှုများ၊ အပူလှိုင်းကျရောက်မှုများ၊ မိုးသည်းထန်စွာရွာသွန်းမှုများ နှင့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်ခြင်းများ ပိုမိုဖြစ်ပေါ်လာနိုင်သည်ဟု ကမ္ဘာတစ်ဝန်းမှ ထင်ပေါ်ကျော်ကြားသော သိပ္ပံပညာရှင် ၁၂၀၀ က ပြုစုသည့် ယင်းအစီရင်ခံစာ၌ ဖော်ပြထားသည်။

ကမ္ဘာ့ရာသီဥတု ပြောင်းလဲခြင်းသည် လူ့ပယောဂကြောင့် ဖြစ်ပေါ်နိုင်ကြောင်း၊ ရာသီဥတုပြောင်းလဲမှုကို ဖြစ်စေသော အဓိက အကြောင်းတရားမှာ ရုပ်ကြွင်းလောင်စာများ အသုံးပြုခြင်းပင်ဖြစ်ကြောင်း အစီရင်ခံစာ၌ ဖော်ပြထားသည်။

***အင်တာနက်။***

# ဇီဝနည်းပညာမြှင့်တင်ရေး ဘရာဇီးတွင် ဆောင်ရွက်မည်

ဘရာစီးလီးယား ဖေဖော်ဝါရီ ၁၀

ဘရာဇီးနိုင်ငံသည် အမေရိကန်ဒေါ်လာ ၄ ဒသမ ၇၆ ဘီလီယံတန်ကြေးရှိ ဇီဝနည်းပညာသုတေသန အစီအစဉ်တစ်ရပ်ကို ဖေဖော်ဝါရီ ၈ ရက်တွင် စတင်ဆောင်ရွက်လိုက်သည်။

ဇီဝမျိုးကွဲများပေါများလှသည့် ဘရာဇီးနိုင်ငံရှိ တက္ကသိုလ်များ၌ စုဆောင်းပြီးဖြစ်သော ပညာရပ်များကို အသုံးပြု၍ စက်မှုထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်စေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စက်မှုနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းဝန်ကြီး အန်တိုနီယိုဆီဂီရိမာတင်မီလိုက ပြောကြားသည်။

ဆေးဝါးထုတ်လုပ်ရေး၊ ရိက္ခာထုတ်လုပ်ရေး၊ ပစ္စည်းကိရိယာသစ်များထုတ်လုပ်ရေးနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စသည့်နယ်ပယ်များတွင် သုတေသနပညာရပ်များ ဆောင်ရွက်မည်ဖြစ်သည်။ ထို့အပြင် တိရစ္ဆာန်ကျန်းမာရေး၊ ဇီဝစီးပွားရေး၊ စက်မှုနည်းစဉ်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကဏ္ဍများကိုလည်း လေ့လာသွားမည်ဖြစ်သည်။ ဘရာဇီးနိုင်ငံတွင် ပေါက်ရောက်သည့် အပင်များကိုအခြေခံ၍ မူပိုင်မှတ်ပုံတင်နိုင်သည့် ဆေးဝါးများပေါ်ထွက်လာရေးကိုလည်း လုပ်ဆောင်သွားမည်ဖြစ်သည်။ သုတေသနလုပ်ငန်းအတွက် သုံးစွဲမည့် ဒေါ်လာ ၄ ဒသမ ၇၆ ဘီလီယံကို လေးနှစ်အတွက် မျှ၍သုံးစွဲသွားရန် စီစဉ်ထားသည်။ ထိုငွေ၏ ၄၀ ရာခိုင်နှုန်းမှာ ပုဂ္ဂလိကကဏ္ဍမှကျခံ သုံးစွဲမည့်ငွေများဖြစ်သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# အစ္စရေးနှင့် လက်ဘနွန်နယ်စပ်ဒေသတွင် အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွား

ဘေရွတ် ဖေဖော်ဝါရီ ၁၀

အစ္စရေး ကာကွယ်ရေးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် နယ်စပ်ဒေသတွင် လက်ဘနွန်ကြည်းတပ်မှ တပ်ဖွဲ့ဝင်များနှင့် ဖေဖော်ဝါရီ ၇ ရက် ညက အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွားခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

နယ်စပ်ဒေသတွင် ဟစ်ဇ်ဘိုလာပြောက်ကျားများ ထောင်ထားသည့်ဗုံးများကို အစ္စရေးတပ်ဖွဲ့ဝင်များက ရှာဖွေနေစဉ် လက်ဘနွန်တပ်ဖွဲ့ဝင်တစ်ဦးဟုယူဆရသော လက်နက်ကိုင်တစ်ဦးက စတင်ပစ်ခတ်ခဲ့သည်ဟု အစ္စရေးကာကွယ်ရေးတပ်ဖွဲ့က ပြောကြားသည်။

အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး အစ္စရေး သံချပ်ကာကားတစ်စီးက ပြန်လည် ပစ်ခတ်ခဲ့သည်ဆို၏။ ယင်းပစ်ခတ်မှုတွင် ထိခိုက်မှုမရှိပေ။ အစ္စရေးတပ်ဖွဲ့ဝင် များသည် နယ်စပ်ဒေသတွင် ဗုံးရှာဖွေ သည့်လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခဲ့ကြောင်း စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူကပြောကြားသည်။

***အင်တာနက်။***



မော်တော်ကားထုတ်လုပ်ရေးလုပ်ငန်းများ၌ အသုံးပြုရန် ဂျီအမ်ကုမ္ပဏီက ထုတ်လုပ်လိုက်သည့် နောက်ဆုံးပေါ်စက်ရုပ်ကို ဖေဖော်ဝါရီ ၁၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# အမေရိကန် လေကြောင်းဌာနများ လက်မှတ်ခ ဈေးတက်

နယူးယောက် ဖေဖော်ဝါရီ ၁၁

အမေရိကန်နိုင်ငံရှိ အကြီးဆုံးသော လေကြောင်းကုမ္ပဏီနှစ်ခုသည် ဖေဖော်ဝါရီလဆန်းမှစ၍ လေယာဉ်လက်မှတ်ခ ဈေးတက်လိုက်ပြီဖြစ်ကြောင်း၊ လေကြောင်းဖြင့် ခရီးသွားလာသူ တိုးပွားလာမှုအပေါ် အကျိုးအမြတ်ရယူနိုင်ရန်နှင့် လေယာဉ်လောင်စာဈေးနှုန်း မြင့်တက်နေမှုကို ထေမိနိုင်စေရန် လေယာဉ်လက်မှတ်ခ ဈေးတက်ခြင်းဖြစ်ကြောင်း ဖေဖော်ဝါရီ ၉ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

အမေရိကန် လေကြောင်းဌာနနှင့် ဒဲလ်တာအဲ လေကြောင်းဌာနတို့သည် ခရီးသည် အသွားအလာများသည့် လေကြောင်းခရီးစဉ်များတွင် ခရီးသည်တစ်ဦးလျှင် ငါးဒေါ်လာ ပိုမိုကောက်ယူမည်ဖြစ်သည်။

ကမ္ဘာ့ရေနံစိမ်း ဈေးနှုန်းသည် ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ၁၅ ရာခိုင်နှုန်း ကျဆင်းသွားခဲ့သော်လည်း လောင်စာဆီဈေးနှုန်းမှာမူ သိသိသာသာကျဆင်းခဲ့ခြင်းမရှိပေ။

***အင်တာနက်။***

# ဗြိတိန်တွင်တွေ့ရသည့်ကြက်ငှက်တုပ်ကွေးရောဂါပိုး ဟန်ဂေရီမှ ကူးစက်လာခြင်းဖြစ်နိုင်ဟုဆို

လန်ဒန် ဖေဖော်ဝါရီ ၁၀

**ဗြိတိန်နိုင်ငံရှိ ကြက်ဆင်အချို့တွင် မကြာသေးမီရက်ပိုင်းက ကြက်ငှက်တုပ်ကွေးရောဂါပိုး $H_5N_1$ ကို တွေ့ရသဖြင့် ကြက်ဆင်ကောင်ရေအများအပြားကို သတ်ပစ်ခဲ့ရကြောင်း၊ နိုင်ငံအတွင်း၌ ယခုကဲ့သို့ ကြက်ငှက်များ ရောဂါရလာရခြင်းမှာ ဟန်ဂေရီနိုင်ငံမှ တင်သွင်းလာသော တစ်စိတ်တစ်ပိုင်းပြုပြင်ပြီး ကြက်ဆင်သားများကြောင့် ရောဂါပျံ့နှံ့သွားရခြင်းဖြစ်ဖွယ်ရာရှိကြောင်း အစိုးရတာဝန်ရှိသူက စနေနေ့တွင် ပြောကြားသည်။**

ကြက်ငှက် တုပ်ကွေးရောဂါဖြစ်ပွားသည်ဆိုသော ဘားနတ်မက်သရူး ကြက်ဆင်မွေးမြူရေးခြံသည် ဟော်လ်တန်ဒေသ ဆာဖော့လ်မြို့တွင် တည်ရှိသည်။

ထိုခြံသို့ ရက်သတ္တတစ်ပတ်လျှင် ဟန်ဂေရီနိုင်ငံမှ ကြက်ဆင်အသား ၃၈ တန် တင်သွင်းလေ့ရှိသည်။ ယင်းကြက်ဆင်သားကို ပြုပြင်သောရုံနှင့် မနီးမဝေးရှိ မွေးမြူရေးရုံတွင်းမှ ကြက်ငှက်များတွင် $H_5$ $N_1$ ပိုးတွေ့ရှိရခြင်းဖြစ်သည်။

ဘားနတ်မက်သရူး ကြက်ဆင်ခြံသည် ဟန်ဂေရီနိုင်ငံ ကြက်ဆင်လုပ်ငန်းနှင့် အဆက်အသွယ်ရှိသော မွေးမြူရေးလုပ်ငန်းဖြစ်သည်။ မကြာသေးမီအချိန်ကလည်း ဟန်ဂေရီနိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါပိုး ကျရောက်ခဲ့သည်။ ဗြိတိန်နိုင်ငံသို့ ဆောင်းခိုရန်ရောက်လာသည့် ရာသီအလိုက် ရွှေ့ပြောင်းသည့် ငှက်များတွင် ကြက်ငှက် တုပ်ကွေးရောဂါပိုးမတွေ့ရသဖြင့် ဘားနတ်မက်သရူးခြံ၌ဖြစ်ပွားသော ကြက်ငှက်ရောဂါပိုးသည် ဟန်ဂေရီမှ ကူးလာသော ရောဂါပိုးသာဖြစ်ရမည်ဆိုသော အယူအဆကို အချို့က လက်ခံကြသည်။

***အင်တာနက်။***

ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ



ဂျော်ဒန်နိုင်ငံ၌ ကျင်းပသည့် ၁၂ ကီလိုမီတာ ကုလားအုတ်စီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နေသူတစ်ဦးကို ဖေဖော်ဝါရီ ၁၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

### ❍ ကရင်အမျိုးသားမှ

အဆိုပါ ငြိမ်းချမ်းရေးအောင်ပွဲ ကြိုဆိုသည့် အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းနှင့် တပ်မတော်အရာရှိ ကြီးများ၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ခင်ကြူးနှင့် တာဝန်ရှိသူများ၊ ကရင်အမျိုးသားအစည်းအရုံး(KNU)/ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (KNLA) ငြိမ်းချမ်းရေး ကောင်စီဥက္ကဋ္ဌ တပ်မဟာ(၇) တပ်မဟာမှူး ဗိုလ်ချုပ်ဌေးမောင် ခေါင်းဆောင်သော KNU/ KNLA ငြိမ်းချမ်းရေး တပ်ဖွဲ့ဝင် ၃၀၉ဦးနှင့်မိသားစုဝင် ၁၁ဦး စုစုပေါင်းအင်အား ၃၂၀နှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်နယ်အဆင့်/ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အခြားသော ငြိမ်းချမ်းရေးရယူခဲ့ကြပြီးဖြစ်သည့် ငြိမ်းချမ်းရေးအဖွဲ့များ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ စုစုပေါင်းအင်အား ၇၅၀၀ကျော် တက်ရောက်ကြသည်။



ရှေးဦးစွာ ကရင်အမျိုးသား အစည်းအရုံး (KNU)/ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (KNLA)ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ တပ်မဟာ (၇)တပ်မဟာမှူး ဗိုလ်ချုပ်ဌေးမောင်ခေါင်းဆောင်သော ငြိမ်းချမ်းရေး တပ်ဖွဲ့ဝင် ၃၀၉ ဦးနှင့် မိသားစုဝင် ၁၁ဦးတို့အား ဒေသခံတိုင်းရင်းသားပြည်သူများက ဝမ်းပန်းတသာ လှိုက်လှဲစွာဖြင့် ပန်းကုံးများစွပ်၍လည်းကောင်း၊ ဂုဏ်ပြုပန်းစည်းများ ပေးအပ်၍ လည်းကောင်း၊ ကရင်ဒုံးယိမ်းများ တပျော်တပါးကခုန်၍လည်းကောင်း နွေးထွေးပျူငှာပျော်ရွှင်စွာ ကြိုဆိုကြသည်။

ထို့နောက် ငြိမ်းချမ်းရေးအောင်ပွဲ အခမ်းအနားကို ကျင်းပရာ ရှေးဦးစွာ ကရင်အမျိုးသားအစည်းအရုံး (KNU) / ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် (KNLA)ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ တပ်မဟာ (၇)တပ်မဟာမှူး ဗိုလ်ချုပ်ဌေးမောင်က ငြိမ်းချမ်းရေးအောင်ပွဲ ဆင်နွှဲခဲ့ခြင်းနှင့်စပ်လျဉ်းသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

**(ကရင်အမျိုးသားအစည်းအရုံး (KNU)/ ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် (KNLA) ငြိမ်းချမ်းရေးကောင်စီ ဥက္ကဋ္ဌ တပ်မဟာ (၇)တပ်မဟာမှူး ဗိုလ်ချုပ်ဌေးမောင်၏ ရှင်းလင်းပြောကြားချက်ကို ကျောဖုံးတွင် ဖော်ပြထားပါသည်။)**

ဆက်လက်၍ ကရင်အမျိုးသားအစည်းအရုံး (KNU) / ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (KNLA) ငြိမ်းချမ်းရေးကောင်စီ တပ်မဟာ (၇)မှ ဗိုလ်မှူးကြီးစောထော်လေးက ငြိမ်းချမ်းရေးအောင်ပွဲ ဆင်နွှဲခဲ့ခြင်းနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကားပြောကြားသည်။

**(ကရင်အမျိုးသားအစည်းအရုံး (KNU)/ ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် (KNLA) ငြိမ်းချမ်းရေးကောင်စီ တပ်မဟာ (၇)မှ ဗိုလ်မှူးကြီး စောထော်လေး၏ ရှင်းလင်းပြောကြားချက်ကို ကျောဖုံးတွင် ဖော်ပြထားပါသည်။)**

ယင်းနောက် ဒေသခံတိုင်းရင်းသားပြည်သူများကိုယ်စား ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ဒဝယ်တန်ကျေးရွာမှ ကရင်တိုင်းရင်းသား ဦးစောဒယ်နီရယ်က ယခုကဲ့သို့ ငြိမ်းချမ်းရေးအောင်ပွဲ ဆင်နွှဲနိုင်ခဲ့သည့်အတွက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်တော့မည်ဖြစ်၍ ဝမ်းမြောက် ဂုဏ်ယူသည့်စကား ပြောကြားသည်။

**ကရင်အမျိုးသားအစည်းအရုံး(KNU)/ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် (KNLA) ငြိမ်းချမ်းရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မဟာ(၇) တပ်မဟာမှူး ဗိုလ်ချုပ်ဌေးမောင်နှင့် တပ်ဖွဲ့ဝင်များအား ဒေသခံတိုင်းရင်းသား ပြည်သူများက နွေးထွေးပျူငှာပျော်ရွှင်စွာကြိုဆိုကြစဉ်။** (သတင်းစဉ်)




**ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော် စစ်ဘက်ရေးရာ လုံခြုံရေး အရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့် ကရင်အမျိုးသားအစည်းအရုံး (KNU)/ ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် (KNLA) ငြိမ်းချမ်းရေး ကောင်စီ ဥက္ကဋ္ဌ၊ တပ်မဟာ(၇) တပ်မဟာမှူး ဗိုလ်ချုပ် ဌေးမောင်ထံ လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။** (သတင်းစဉ်)

**(ကရင်တိုင်းရင်းသား ဦးစောဒယ်နီရယ်၏ ရှင်းလင်းပြောကြားချက်ကို စာမျက်နှာ-၆တွင် ဖော်ပြထားပါသည်။)**

ဆက်လက်၍ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်းက ကရင်အမျိုးသားအစည်းအရုံး (KNU)/ ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော် (KNLA)ငြိမ်းချမ်းရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ဌေးမောင် ခေါင်းဆောင်သည့် တပ်ဖွဲ့ဝင်များနှင့် မိသားစုများအား ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

**(အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း၏ ရှင်းလင်းပြောကြားချက်ကို စာမျက်နှာ-၇တွင် ဖော်ပြထားပါသည်။)**

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေး အရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်က ကရင်အမျိုးသားအစည်းအရုံး (KNU)/ ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် (KNLA) ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ တပ်မဟာ (၇)တပ်မဟာမှူး ဗိုလ်ချုပ်ဌေးမောင်နှင့် တပ်ဖွဲ့ဝင်များအား လက်ဆောင်ပစ္စည်းများပေးအပ်သည်။

ဆက်လက်၍ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်းက ကရင်အမျိုးသား အစည်းအရုံး (KNU)/ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (KNLA) ငြိမ်းချမ်းရေးကောင်စီ ဥက္ကဋ္ဌ တပ်မဟာ (၇) တပ်မဟာမှူး ဗိုလ်ချုပ်ဌေးမောင်နှင့် တပ်ဖွဲ့ဝင်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးက ကရင်အမျိုးသားအစည်းအရုံး (KNU)/ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (KNLA) ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ တပ်မဟာ (၇)တပ်မဟာမှူး ဗိုလ်ချုပ်ဌေးမောင်နှင့် တပ်ဖွဲ့ဝင်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ ထို့နောက် ကရင်အမျိုးသားအစည်းအရုံး (KNU)/ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (KNLA) ငြိမ်းချမ်းရေးကောင်စီ ဥက္ကဋ္ဌ တပ်မဟာ (၇)တပ်မဟာမှူး ဗိုလ်ချုပ်ဌေးမောင်နှင့် တပ်ဖွဲ့ဝင်များက ဒေသခံတိုင်းရင်းသား ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ✻



**ကရင်အမျိုးသားအစည်းအရုံး (KNU)/ ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော် (KNLA) ငြိမ်းချမ်းရေးကောင်စီ ဥက္ကဋ္ဌ တပ်မဟာ(၇)တပ်မဟာမှူး ဗိုလ်ချုပ် ဌေးမောင်နှင့် တပ်ဖွဲ့ဝင်များအား ဒေသခံတိုင်းရင်းသား ပြည်သူများက နွေးထွေးပျူငှာ ပျော်ရွှင်စွာ ကြိုဆိုကြစဉ်။** (သတင်းစဉ်)



**ကရင်အမျိုးသား အစည်းအရုံး (KNU)/ ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော်(KNLA) ငြိမ်းချမ်းရေး ကောင်စီ၏ ငြိမ်းချမ်းရေးအောင်ပွဲ ကြိုဆိုသည့် အခမ်းအနားသို့ တက်ရောက်လာကြသော တပ်ဖွဲ့ဝင်များအား တွေ့ရစဉ်။** (သတင်းစဉ်)

# ဒေသခံကရင်လူထု၏ ပကတိလိုအပ်ချက်သည် ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးဖြစ်

## ကရင်ပြည်နယ်အတွင်းမှာပင် ငြိမ်းချမ်းသည့်ဒေသနှင့် မငြိမ်းချမ်းသည့်ဒေသတို့၏ ဖွံ့ဖြိုးမှုချင်းကွာဟပုံကို မျက်ဝါးထင်ထင် တွေ့မြင်နေရ

## ကျန်နေသေးသည့် ကရင်လက်နက်ကိုင်တပ်ဖွဲ့ဝင်များလည်း ငြိမ်းချမ်းရေးရယူ အမြန်တည်ဆောက်ကြစေလို

နေပြည်တော် ဖေဖော်ဝါရီ ၁၁

**ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ထို့ကော်ကိုးကျေးရွာ၌ ကျင်းပသည့် ကရင်အမျိုးသားအစည်းအရုံး (KNU)/ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA)ငြိမ်းချမ်းရေးကောင်စီ၏ ငြိမ်းချမ်းရေးအောင်ပွဲ ကြိုဆိုသည့်အခမ်းအနားတွင် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ဒဝယ်တန်ကျေးရွာမှ ကရင်တိုင်းရင်းသား ဦးစောဒယ်နီရယ်က ယခုကဲ့သို့ ငြိမ်းချမ်းရေးအောင်ပွဲ ဆင်နွှဲနိုင်ခဲ့သည့်အတွက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်တော့မည်ဖြစ်၍ ဝမ်းမြောက်ဂုဏ်ယူသည့် စကား ပြောကြားသည်။**

အဆိုပါ ပြောကြားချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

**လေးစားအပ်ပါသော ညီနောင်သည်တော်ကြီးများခင်ဗျား-**

ကျက်သရေမင်္ဂလာအပေါင်းနဲ့ ခညောင်းတဲ့ ကရင်အမျိုးသားနေ့နဲ့ တိုက်ဆိုင်စွာ ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်၊ ငြိမ်းချမ်းရေးကောင်စီကကြီးမှူးပြီး ငြိမ်းချမ်းရေးအောင်ပွဲကြီးကို ယခုလို ကျင်းပနိုင်ခြင်းအတွက် ဖော်မပြတတ်လောက်အောင် ဝမ်းမြောက်လှပါကြောင်း၊ တောင်ပေါ်၊ မြေပြန့် ကရင်တိုင်းရင်းသားအားလုံးရဲ့ကိုယ်စား ရှေးဦးစွာပြောကြားလိုပါတယ်။

ကျွန်တော်ကတော့ ကော့ကရိတ်မြို့နယ် ဒဝယ်တန်ကျေးရွာမှ ကရင်တိုင်းရင်းသား စောဒယ်နီရယ်ဖြစ်ပါတယ်။ ကျွန်တော်တို့ ကရင်ပြည်နယ်မှာ တိုက်ပွဲသံတွေ ဆူညံခဲ့တာဟာဆိုရင် ကျွန်တော့်အသက်နဲ့အမျှပဲဖြစ်ပါတယ်။ ဒါကြောင့် ဒေသခံကရင်လူထုရဲ့ ပကတိလိုအပ်ချက်ဟာ ငြိမ်းချမ်းရေးနဲ့ သာယာဝပြောရေးပဲဖြစ်ပါ တယ်။

ကျွန်တော်တို့ ကရင်တိုင်းရင်းသားတွေဟာ အလွန်ရိုးသားဖြောင့်မတ်ကြသူများ ဖြစ်ပါတယ်။ ဒါကြောင့်လဲ ပြည်ပ ပယောဂတွေကို လွယ်လွယ်နဲ့ ယုံကြည်မိခဲ့ကြတာ ဖြစ်ပါတယ်။ ပြည်ပ ပယောဂရဲ့ ကနဦးသက်သေခံကတော့ ၁၉၅၀ ပြည့်နှစ် ဩဂုတ်လ ၁၂ရက်နေ့က ဒီဒေသမှာဖြစ်ပွားတဲ့ တိုက်ပွဲအတွင်း နိုင်ငံတော်လုပ်ကြံမှုအတွက် ဂျွန်ဦးစောကို လက်နက်များထုတ်ပေးခဲ့တဲ့ ကပ္ပတိန်ဗီဗီယန်ကို တပ်မတော်က အသေရမိသွားခြင်းဖြစ်ပါတယ်။ ဒီနောက်ပိုင်းမှာလဲ ငြိမ်းချမ်းရေးရခါနီးတိုင်း ပြည်ပကပုဂ္ဂိုလ်တွေ လာဖျက်လို့ အကြိမ်ကြိမ်ပျက်ခဲ့ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဒေသမှာ ငြိမ်းချမ်းရေးဟာ မျှော်တိုင်းဝေးခဲ့ရပါတယ်။ ဒီတစ်သက်တော့ ရနိုင်ပါတော့မလားလို့တောင် ထင်ပြီး စိတ်ဆင်းရဲခြင်းကြီးစွာ ခံစားခဲ့ကြရပါတယ်။

နိုင်ငံတော်ရဲ့တာဝန်ကို တပ်မတော်အစိုးရက ယူပြီးနောက် ငြိမ်းချမ်းရေးတည်ဆောက်နိုင်ခဲ့ကြတဲ့ ဒေသတွေမှာ မြန်ဆန်တဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကို ကြားရမြင်ရတော့ ကျွန်တော်တို့ ကရင်ပြည်သူတွေဟာ ငြိမ်းချမ်းရေးကို အာသာငမ်းငမ်း လိုချင်ခဲ့ကြပါတယ်။ ဘာကြောင့်လဲဆိုရင် ကျွန်တော်တို့ ကရင်ပြည်နယ်အတွင်းမှာပင်လျှင် ငြိမ်းချမ်းတဲ့ဒေသနဲ့ မငြိမ်းချမ်းတဲ့ဒေသတို့ရဲ့ ဖွံ့ဖြိုးမှုချင်း ကွာဟပုံကို မျက်ဝါးထင်ထင် တွေ့မြင်နေရလို့ပဲဖြစ်ပါတယ်။

တပ်မတော်အစိုးရဟာ သံလွင်တံတား(ဘားအံ)နဲ့ လမ်းတံတားတွေ၊ တက္ကသိုလ်ကြီးတွေ၊ ဆေးရုံကြီးတွေကို ကရင်ပြည်နယ်အတွင်း တည်ဆောက်ပေးခဲ့ပါတယ်။ ဒါ့အပြင် ကရင်ပြည်နယ်အတွက်ပါအကျိုးပြုတဲ့ သံလွင်တံတား (မော်လမြိုင်)ကိုလည်း အံ့မခန်းအောင် တည်ဆောက်ပေးခဲ့ပါတယ်။ ဒီအကျိုးကျေးဇူးတွေကို ငြိမ်းချမ်းတဲ့မြို့ရွာတွေက လူထုသာ ခံစားခဲ့ရပါတယ်။

ဒါ့အပြင် လက်နက်ကိုင်ကရင်တပ်ဖွဲ့ဝင်တွေရဲ့ မိသားစုဝင်တွေဟာလည်း ဒုက္ခသည်စခန်းတွေမှာ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲ နေထိုင်ကြရကြောင်းကြားသိရလို့လဲ ကိုယ်ချင်းစာမိပါတယ်။



ဒေသခံတိုင်းရင်းသားပြည်သူများကိုယ်စား ဦးစောဒယ်နီရယ် ဝမ်းမြောက်ဂုဏ်ယူသည့် စကားပြောကြားစဉ်။ (သတင်းစဉ်)

ယနေ့ဆိုရင်တော့ ဗိုလ်ချုပ်ထွေးမောင် ခေါင်းဆောင်တဲ့ ငြိမ်းချမ်းရေးကောင်စီဟာ ငြိမ်းချမ်းရေး မီးရှူးတိုင်ကြီးကို စတင် ထွန်းညှိလိုက်ပြီဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့တိုင်းရင်းသားတွေဟာ ငြိမ်းချမ်းရေးကောင်စီရဲ့ ဆောင်ရွက်ချက်ကို ဝမ်းသာဂုဏ်ယူပါကြောင်း မှတ်တမ်းတင် ပြောကြားလိုပါကြောင်းနဲ့ ကျန်နေသေးတဲ့ ကရင်လက်နက်ကိုင် တပ်ဖွဲ့ဝင်တွေကိုလဲ ငြိမ်းချမ်းရေးရယူ၊ အမြန်တည်ဆောက်ကြပါလို့ ဒေသခံ ကရင်လူထုကိုယ်စား ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

### ဒဝယ်တန်ကျေးရွာမှ ကရင်တိုင်းရင်းသား ဦးစောဒယ်နီရယ် ပြောကြားသည့် ဝမ်းမြောက်ဂုဏ်ယူစကားမှ-

- ☆ ဒေသခံကရင်လူထုရဲ့ ပကတိလိုအပ်ချက်ဟာ ငြိမ်းချမ်းရေးနဲ့ သာယာဝပြောရေးပဲဖြစ်။
- ☆ ကရင်တိုင်းရင်းသားတွေဟာ အလွန်ရိုးသားဖြောင့်မတ်၊ ဒါ့ကြောင့်လဲ ပြည်ပ ပယောဂတွေကို လွယ်လွယ်နဲ့ ယုံကြည်မိခဲ့ကြ။
- ☆ ငြိမ်းချမ်းရေးရခါနီးတိုင်း ပြည်ပက ပုဂ္ဂိုလ်တွေလာဖျက်လို့ အကြိမ်ကြိမ်ပျက်ခဲ့ရ။ ငြိမ်းချမ်းရေးဟာ မျှော်တိုင်းဝေးခဲ့ရ။
- ☆ ငြိမ်းချမ်းရေးတည်ဆောက်နိုင်ခဲ့ကြတဲ့ ဒေသတွေမှာ မြန်ဆန်တဲ့ဖွံ့ဖြိုးတိုးတက်မှုတွေကို ကြားရမြင်ရတော့ ကရင်ပြည်သူတွေဟာ ငြိမ်းချမ်းရေးကို အာသာငမ်းငမ်း လိုချင်ခဲ့ကြ။

**ကရင်အမျိုးသား အစည်းအရုံး (KNU)/ ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော် (KNLA) ငြိမ်းချမ်းရေးကောင်စီ၏ ငြိမ်းချမ်းရေးအောင်ပွဲ ကြိုဆိုသည့် အခမ်းအနားသို့ တက်ရောက်လာကြသော တပ်ဖွဲ့ဝင်များအား တွေ့ရစဉ်။**
(သတင်း-ရှေ့ဖုံး)
(သတင်းစဉ်)



## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

### ၁၂-၂-၂၀၀၇ (တနင်္လာနေ့)

| | | | |
|---|---|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် | ၁၀း၄၀ | တေးဂီတအစီအစဉ် |
| ၇း၀၅ | အမှန်ကိုပြန်ပြောနိုင်ပါစေ တရားတော် (ဓမ္မဒူတအရှင်ဆေကိန္ဒ ဆရာတော်) | ၁၀း၄၅ | ရတနာရွှေသိုက် |
| ၈း၂၀ | ခေတ်မီပျားမွေးမြူရေး လုပ်ငန်း (ပျားဘုရင်မမွေးမြူရေး) | ၁၀း၅၅ | မိုးလေဝသခန့်မှန်းချက် |
| ၈း၃၅ | တေးဂီတအစီအစဉ် | ၁၁း၀၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၈း၄၀ | ကြည်နူးစရာ ကရင်ရိုးရာ | ၁၁း၁၀ | တိုင်းရင်းသားတို့အလှ စည်းလုံးခြင်းအက |
| ၈း၅၀ | တေးဂီတအစီအစဉ် | ၁၁း၂၀ | တေးဂီတအစီအစဉ် |
| ၈း၅၅ | သီချင်းကောင်းကောင်း သီချင်းတောင်း | ၁၁း၂၅ | ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း) (ကလေးငယ်တို့ ကျန်းမာရေး ဆိုင်ရာ အမေးအဖြေများ) |
| ၉း၂၀ | ပြည်တွင်းသတင်းအကျဉ်း | ၁၂း၂၀ | တေးဂီတအစီအစဉ် |
| ၉း၃၀ | ရှမ်းရိုးရာ ဝတ်စားဆင်ယင်မှု ပြပွဲ | ၁၂း၂၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၃၅ | တေးဂီတအစီအစဉ် | ၁၂း၃၀ | ဒေသရော အစားအစာ ပုသိမ်ဟာလဝါ |
| ၉း၄၀ | သျှို့သျှားမြေမှ စပျစ်ချို | ၁၂း၄၀ | တေးဂီတအစီအစဉ် |
| ၁၀း၁၅ | နိုင်ငံတကာသတင်းအကျဉ်း | ၁၂း၄၅ | ပြည်နယ်ဂုဏ်ဆောင် ငွေတောင်ဆည် |
| ၁၀း၂၀ | သဘာဝကပေးတဲ့ အကျိုးအာနိသင် | ၁း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ် ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

# တပ်မတော်အစိုးရက နိုင်ငံတော်၏တာဝန်ကိုယူချိန်ကစပြီး ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ခဲ့ တပ်မတော်၏ မှန်ကန်သည့်စေတနာ၊ ဖြူစင်သည့်သဘောထားကို သိမြင်ခဲ့ကြသော ပြည်တွင်းလက်နက်ကိုင် အဖွဲ့အစည်း ၁၇ ဖွဲ့နှင့် အဖွဲ့ငယ်အများအပြား ငြိမ်းချမ်းရေးကို အသီးသီးရယူခဲ့ကြ

## တပ်မတော်နှင့် လက်တွဲဆောင်ရွက်ခဲ့ကြသော အထူးဒေသအသီးသီးသည် နေ့ချင်းညချင်းအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာ

# ပြည်တွင်း ပြည်ပ ပယောဂနှင့် အနှောင့်အယှက် အဖျက်အဆီး အမျိုးမျိုးကြားက ငြိမ်းချမ်းရေး ရယူခဲ့တာကို တပ်မတော်အစိုးရနှင့် ပြည်သူတစ်ရပ်လုံးက လှိုက်လှဲဝမ်းမြောက်စွာကြိုဆို

## သွေးရင်းသားရင်း ညီရင်းအစ်ကိုများဖြစ်သည်နှင့်အညီ ဒေသဖွံ့ဖြိုးရေးအတွက်ရော တပ်ဖွဲ့ဝင်များနှင့် မိသားစုများအတွက်ပါ တပ်မတော်အစိုးရနှင့် ပြည်သူတစ်ရပ်လုံးက အင်တိုက်အားတိုက် ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၁

**ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ထို့ကော်ကိုးကျေးရွာ၌ကျင်းပသည့် ကရင်အမျိုးသားအစည်းအရုံး(KNU)/ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(KNLA) ငြိမ်းချမ်းရေးကောင်စီ၏ ငြိမ်းချမ်းရေးအောင်ပွဲ ကြိုဆိုသည့်အခမ်းအနားတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းက ကရင်အမျိုးသားအစည်းအရုံး(KNU)/ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) ငြိမ်းချမ်းရေးကောင်စီမှ ဗိုလ်ချုပ်ဌေးမောင်ခေါင်းဆောင်သည့် တပ်ဖွဲ့ဝင်များနှင့် မိသားစုများအား ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။**

အဆိုပါ ပြောကြားချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ယနေ့ အခမ်းအနားကို တက်ရောက်လာကြသော ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ်၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ဌေးမောင်နှင့် KNLA မှ ရဲဘော်ရဲဘက် ညီရင်းအစ်ကိုများအားလုံး ယခုလိုမင်္ဂလာအပေါင်းခညောင်းတဲ့ ငြိမ်းချမ်းရေးအောင်ပွဲနေ့မှာ ချမ်းမြေ့ရွှင်လန်းကြပါစေကြောင်း မေတ္တာပို့ဆုတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးမှာ တိုင်းရင်းသားတွေဟာ ရှေးပဝေသဏီကပင် နေရာတိုင်းဒေသတိုင်းမှာ အေးချမ်းစွာ အတူတကွနေထိုင်ခဲ့ကြတာဖြစ်ပါတယ်၊ ချစ်ကြည်ရင်းနှီးစွာ နေထိုင်ခဲ့ကြတဲ့ တိုင်းရင်းသားတွေဟာ သူ့ကျွန်ဘဝမှာ သွေးခွဲအုပ်ချုပ်ခြင်း ခံခဲ့ကြရတာကြောင့် နိုင်ငံတော်အတွင်းမှာ လွတ်လပ်ရေးနဲ့အတူ လက်နက်ကိုင်ဆန့်ကျင်မှု အများအပြား ပေါ်ပေါက်ခဲ့ရပါတယ်၊ ဒါကြောင့်လဲ နိုင်ငံတော်ဟာ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျခဲ့ရပါတယ်၊ နိုင်ငံတော်ရဲ့ ရှည်လျားလှတဲ့ သမိုင်းကြောင်းကိုပြန်ကြည့်ရင် တိုင်းရင်းသားတွေ စည်းလုံးညီညွတ်မှု ကောင်းမွန်ချိန်မှာ နိုင်ငံတော်ဟာ အင်အားတောင့်တင်းခဲ့ပြီး တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပြိုကွဲချိန်မှာ နိုင်ငံတော်ဟာ အင်အားချိနဲ့တာကြောင့် တိုင်းရင်းသားတွေ ညှိုးငယ်ခဲ့ရတာကို အထင်အရှားတွေ့ရပါတယ်။

ဒါကြောင့် တပ်မတော်အစိုးရက နိုင်ငံတော်ရဲ့ တာဝန်ကိုယူချိန်ကစပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ခဲ့ပါတယ်၊ ဒါ့အပြင် ဦးတည်ချက်(၁၂)ရပ်ကို ချမှတ်ဖော်ဆောင်ရာမှာလဲ နိုင်ငံတော်တည်ငြိမ်




**အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။** (သတင်းစဉ်)



* တပ်မတော်သားတွေဟာ နယ်စပ်ဒေသများပါမကျန် အေးချမ်းသာယာရေး အတွက် လျှိုမြောင်တောတောင်အထပ်ထပ်ကို ရောက်ဖူးခဲ့။
* ငြိမ်းချမ်းမှုမရှိတဲ့အတွက် အဘက်ဘက်ကချို့တဲ့နေကြတဲ့ တိုင်းရင်းသားပြည်သူ တွေရဲ့ဘဝကို ကိုယ်တွေ့မျက်မြင်သိရှိ။
* နိုင်ငံတော်ရဲ့ တာဝန်ကို တပ်မတော်က ယူစဉ် ဖွံ့ဖြိုးမှုနောက်ကျနေတဲ့ ဒေသ တွေကို အစွမ်းကုန် မြှင့်တင်ပေးလိုသော်လည်း ငြိမ်းချမ်းရေးရယူလာကြတဲ့ အဖွဲ့အစည်းတွေရဲ့ ဒေသတွေမှာသာ ဆောင်ရွက်နိုင်ခဲ့။

ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုတဲ့အချက်ကို နိုင်ငံရေးဦးတည်ချက်အနေနဲ့ ထိပ်ဆုံးက ချမှတ်ခဲ့ပါတယ်။

နိုင်ငံတော် အေးချမ်းသာယာပြီး တရားဥပဒေစိုးမိုးဖို့အတွက် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့ပါတယ်၊ တပ်မတော်ရဲ့ မှန်ကန်တဲ့စေတနာ၊ ဖြူစင်တဲ့သဘောထားကို သိမြင်ခဲ့ကြတဲ့ ပြည်တွင်းလက်နက်ကိုင်အဖွဲ့အစည်း(၁၇)ဖွဲ့နဲ့ အဖွဲ့ငယ်အများအပြားဟာ ငြိမ်းချမ်းရေးကို အသီးသီးရယူခဲ့ကြပါတယ်။

တပ်မတော်သားတွေဟာ နယ်စပ်ဒေသများပါမကျန် အေးချမ်းသာယာရေးအတွက် လျှိုမြောင်တောတောင်အထပ်ထပ်ကို ရောက်ဖူးခဲ့တာကြောင့် ငြိမ်းချမ်းမှုမရှိတဲ့အတွက် အဘက်ဘက်ကချို့တဲ့နေကြတဲ့ တိုင်းရင်းသားပြည်သူတွေရဲ့ဘဝကို ကိုယ်တွေ့မျက်မြင်သိရှိပြီး ကိုယ်ချင်းစာတရား ကြီးမားခဲ့ပါတယ်၊ နိုင်ငံတော်ရဲ့ တာဝန်ကိုတပ်မတော်က ယူစဉ်အခိုက်မှာ ဖွံ့ဖြိုးမှုနောက်ကျနေတဲ့ဒေသတွေကို အစွမ်းကုန် မြှင့်တင်ပေးလိုသော်လည်း ငြိမ်းချမ်းရေးရယူလာကြတဲ့ အဖွဲ့အစည်းတွေရဲ့ဒေသတွေမှာသာဆောင်ရွက်နိုင်ခဲ့ပါတယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း ၊ ရှမ်းပြည်နယ်တောင်ပိုင်းနဲ့ အခြားပြည်နယ်အသီးသီးက ငြိမ်းချမ်းရေးရယူခဲ့တဲ့အဖွဲ့အစည်းတွေကို **စာမျက်နှာ ၁၀ ကော်လံ ၄ သို့** ➪

# ကရင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေး၊ ဒေသခံလူထု၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များအပေါ် စိတ်ရင်း စေတနာမှန်မှန် ပူးပေါင်းဆောင်ရွက်လိုလျှင် လှိုက်လှဲနွေးထွေးစွာ လက်ကမ်းကြိုနေ

## လှိုက်လှဲဝမ်းသာစွာ ကြိုဆိုပြီး စေတနာအပြည့်နှင့် ဖြည့်ဆည်းကူညီသည့် တပ်မတော်အစိုးရနှင့် ပြည်သူလူထုကို ကျေးဇူးတင်

## ငြိမ်းချမ်းရေး ထာဝရတည်ဆောက်ကာ နိုင်ငံတော်နှင့် ပြည်သူအကျိုးကို သယ်ပိုးသွားမည်

**✻ နိုင်ငံရေးလုပ်စားသူများမှ**

ယနေ့ဖြစ်ပေါ်နေတဲ့ နိုင်ငံတကာနဲ့ မြန်မာ့နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများကို ဆင်ခြင်သုံးသပ်လိုက်တဲ့အခါ တည်ငြိမ်အေးချမ်းမှုမရှိသမျှ ဒေသခံကရင်လူထုရဲ့ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်မှုတွေကို တည်ဆောက်နိုင်မှာ မဟုတ်ကြောင်း ခိုင်မာပြတ်သားစွာ ဆုံးဖြတ်မိပါတယ်။

ငြိမ်းချမ်းရေးရဲ့တန်ဖိုးကို စစ်တိုက်ဖူးသူများနဲ့ စစ်ဘေးစစ်ဒဏ် ခံရဖူးသူများသာ အသိဆုံးဖြစ်ပါတယ်။ ကျွန်တော်ဟာ ကရင်အမျိုးသားရေး လှုပ်ရှားမှုအပေါ် သမိုင်းကြောင်းနဲ့ယှဉ်ပြီး သစ္စာရှိခဲ့သူ တစ်ဦးဖြစ်တဲ့အတွက် ငြိမ်းချမ်းရေးကို အာသာငမ်းငမ်းတောင့်တနေတဲ့ ကရင်လူထုရဲ့ဆန္ဒကို အလေးထားခဲ့ပါတယ်၊ ဒါ့ကြောင့်လဲ မဲဆောက်မြို့ပေါ်မှာနေပြီး နေတစ်ပြောက်အထိုးမခံ၊ ချွေးတစ်စက်အစို့မခံဘဲ KNU ရဲ့ အရိုန်အဝါကို အချောင်နှိုက် မောင်ပိုင်စီးနေသူတွေ၊ အစဉ်အလာကြီးမားတဲ့ KNLA ကို လက်ကိုင်တုတ်လုပ်ပြီး ဒုက္ခပင်လယ်ဝေနေရတဲ့ ဒေသခံလူထုရဲ့ ဆုံးရှုံးနစ်နာမှုတွေအပေါ်က အမြတ်ထုတ် နိုင်ငံရေးလုပ်စားသူတွေကို ထုတ်ပယ်ဖျက်သိမ်းပြီး လက်နက်ကိုင်

## KNU/KNLA ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌတပ်မဟာ(၇) တပ်မဟာမှူး

## ဗိုလ်ချုပ်ဌေးမောင် ရှင်းလင်းပြောကြားသည့်

## ငြိမ်းချမ်းရေးအောင်ပွဲ ဆင်နွှဲခဲ့သည့် ရည်ရွယ်ချက်များ

- ✰ ယနေ့ နိုင်ငံတကာနှင့် မြန်မာ့နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှုများကို ဆင်ခြင်သုံးသပ်လိုက်သည့်အခါ တည်ငြိမ်အေးချမ်းမှု မရှိသမျှ ဒေသခံ ကရင်လူထု၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်မည်မဟုတ်ကြောင်း ခိုင်မာပြတ်သားစွာ ဆုံးဖြတ်ခဲ့။
- ✰ ငြိမ်းချမ်းရေး၏တန်ဖိုးကို စစ်တိုက်ဖူးသူများနှင့် စစ်ဘေးစစ်ဒဏ် ခံရဖူးသူများသာ အသိဆုံးဖြစ်။
- ✰ မိမိသည် ကရင်အမျိုးသားရေးလှုပ်ရှားမှုအပေါ် သမိုင်းကြောင်းနှင့်ယှဉ်ပြီး သစ္စာရှိခဲ့သူ တစ်ဦးဖြစ်သည့်အတွက် ငြိမ်းချမ်းရေးကို အာသာငမ်းငမ်း တောင့်တနေသည့် ကရင်လူထု၏ဆန္ဒအား အလေးထား။
- ✰ မဲဆောက်မြို့ပေါ်မှာနေပြီး နေတစ်ပြောက်အထိုးမခံ၊ ချွေးတစ်စက် အစို့မခံဘဲ KNU ၏ အရှိန်အဝါကို အချောင်နှိုက် မောင်ပိုင်စီးနေသူများ၊ အစဉ်အလာကြီးမားသည့် KNLA ကို လက်ကိုင်တုတ်လုပ်ပြီး ဒုက္ခပင်လယ်ဝေနေရသည့် ဒေသခံလူထု၏ ဆုံးရှုံးနစ်နာမှုများအပေါ် အမြတ်ထုတ်နိုင်ရေး လုပ်စားသူများကို ထုတ်ပယ်ဖျက်သိမ်း။
- ✰ လက်နက်ကိုင်တိုက်ပွဲများ ကင်းစင်သည့် ငြိမ်းချမ်းရေးအခြေခံဒေသများကို တည်ဆောက်ရန် ငြိမ်းချမ်းရေးရယူခဲ့ခြင်းဖြစ်။
- ✰ ဝါဒစွဲ၊ လူမျိုးစွဲ၊ ဒေသစွဲ၊ ဂိုဏ်းဂဏစွဲ၊ ပုဂ္ဂိုလ်စွဲများကို ဖယ်ရှားပြီး ဒေသခံလူထု အမှန်တကယ် တွေ့ကြုံခံစားနေရသည့် လက်နက်ကိုင်ပဋိပက္ခ၏ ဆိုးကျိုးများ ပပျောက်ချုပ်ငြိမ်းအောင် ထာဝရဦးတည် ဆောင်ရွက်သွားမည်။
- ✰ အကြောင်းအမျိုးမျိုးဖြင့် ကျန်ရစ်ခဲ့သည့် ရဲဘော်များအား ကရင်လူထုကို ဒုက္ခထပ်မပေးကြတော့ဖို့၊ လူတစ်စုအတွက် မိုက်တွင်းမနက်ကြဖို့ ပြောကြားလို။
- ✰ ကရင်ပြည်နယ်ငြိမ်းချမ်းရေး၊ ဒေသခံလူထု၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် စိတ်ရင်းစေတနာမှန်မှန် ပူးပေါင်းဆောင်ရွက်လိုပါက လှိုက်လှဲနွေးထွေးစွာ လက်ကမ်းကြိုဆိုနေ။



တိုက်ပွဲတွေ ကင်းစင်တဲ့ ငြိမ်းချမ်းရေး အခြေခံဒေသတွေကို တည်ဆောက်ဖို့ ငြိမ်းချမ်းရေးရယူခဲ့ခြင်း ဖြစ်ပါတယ်။ ဝါဒစွဲ၊ လူမျိုးစွဲ၊ ဒေသစွဲ၊ ဂိုဏ်းဂဏစွဲ၊ ပုဂ္ဂိုလ်စွဲတွေကို ဖယ်ရှားပြီး ဒေသခံလူထု အမှန်တကယ်တွေ့ကြုံ ခံစားနေရတဲ့ လက်နက်ကိုင် ပဋိပက္ခရဲ့ ဆိုးကျိုးတွေ ပပျောက်ချုပ်ငြိမ်းအောင် ထာဝရဦးတည် ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

တကယ်ဆိုရင် ကျွန်တော်တို့ဟာ ငြိမ်းချမ်းရေးနဲ့ လက်တစ်ကမ်းအလိုအထိ မကြာခဏ ရောက်ခဲ့ကြပါတယ်။ သို့သော်လည်း ပြည်ပအဖွဲ့အစည်းတွေရဲ့ ဩဇာခံ သံယောင်လိုက်တဲ့ နောက်မြီးဆွဲတွေက ကရင်အမျိုးသားရေးနဲ့ တိုက်ရိုက်ပတ်သက်မှုမရှိတဲ့ တောင်းဆိုချက်တွေကို ပြည်ပအလိုကျ ရှေ့တန်းတင်တာကြောင့် အကြိမ်ကြိမ် ပျက်ပြားခဲ့ရပါတယ်။ ဒါကြောင့်လဲ ကရင်ပြည်နယ်နဲ့ ဒေသခံ ကရင်တိုင်းရင်းသားတွေဟာ စစ်ရဲ့ ဓားစာခံတွေအဖြစ် ဖွံ့ဖြိုးတိုးတက်မှု အခွင့်အရေးပေါင်း မြောက်မြားစွာကို လက်လွှတ်ဆုံးရှုံးခဲ့ရပါတယ်။

**ကရင်အမျိုးသားအစည်းအရုံး (KNU)/ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ တပ်မဟာ(၇) တပ်မဟာမှူး ဗိုလ်ချုပ်ဌေးမောင် ဒေသခံ တိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

(သတင်းစဉ်)

အထည် ဖော်လိုက်နိုင်တဲ့အတွက် ဂုဏ်ယူ... တယ်။

ကျွန်တော်ဟာ ကရင်တော်လှန်ရေးက... အသီးသီးမှာ အငတ်ငတ် အပြတ်ပြတ်နဲ့ ဒုက္ခ... များစွာမှာလဲ အသက်ကိုပဓာနမထားဘဲ သေ... တိုက်ပွဲဝင်ခဲ့သူ ဖြစ်ပါတယ်။ ဒါကြောင့် အ... ရဲဘော်များကို ပြောကြားလိုတာကတော့ က... တော့ဖို့၊ ရဲဘော်တို့လည်း လူတစ်စုအတွက် မိုက်... ကရင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေး၊ ဒေသ... တိုးတက်ရေးလုပ်ငန်းစဉ်တွေအပေါ် စိတ်ရ... ဆောင်ရွက်လိုတယ်ဆိုရင် ဖထီးက လှိုက်လှဲ... ကြောင်းပဲ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာက... ဝမ်းသာစွာကြိုဆိုပြီး စေတနာအပြည့်နဲ့ ဖြည့်... အစိုးရနဲ့ ပြည်သူလူထုကို ကျေးဇူးတင်ပါ... တည်ဆောက်ကာ နိုင်ငံတော်နဲ့ ပြည်သူ့အက... ကြောင်း ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

စစ်ရဲ့ ဆိုးကျိုးတွေကို ခါးစည်းခံနေကြရတာ... ပါတယ်။ ယခုလို ကရင်အမျိုးသားအစည်းအရုံး၊... ရေး တပ်မတော်၊ ငြိမ်းချမ်းရေးကောင်စီက ... တပ်မတော်အစိုးရနဲ့ လက်တွဲလိုက်ခြင်းဟာ ... ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်ရဲ့... သမိုင်းရေးလိုအပ်ချက်နဲ့ ပေါင်းစပ်လိုက်ခြင်း... ကျတဲ့ ကရင်အမျိုးသားရေးလှုပ်ရှားမှုကို လုပ်... ဒီဆောင်ရွက်ချက်ဟာ ကရင်အမျိုးသားခေါ်... မျှော်မှန်းခဲ့တဲ့ ကရင်အမျိုးသားရေး မျှော်မှန်းချက်... က အမြော်အမြင်ရှိရှိ လမ်းစဖော်ပေးခဲ့တဲ့ ငြိမ်း...

**ကရင်အမျိုးသား အစည်းအရုံး (K... လွတ်မြောက်ရေးတပ်မတော် (KNLA) ... တပ်မဟာ(၇) တပ်မဟာမှူး ဗိုလ်ချုပ်ဌေး... ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်စဉ်။**



❀ ...

KNU... ရဲဘော်... ကိုယ့်... တက္က... နေထို... လိုပါ...

ဒီ... မှာ ... မရှိ... လည်း... နယ်မှ... နေထို... ရှိ... အဖွဲ့... ပါ...

စစ်ရဲ့ ဆိုးကျိုးတွေကို ခါးစည်းခံနေကြရတာ (၅၈)နှစ်ကျော် ကြာခဲ့ပြီဖြစ်ပါတယ်။ယခုလို ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော်၊ ငြိမ်းချမ်းရေးကောင်စီက စေတနာနဲ့ လုပ်ရပ်မှန်ကန်တဲ့ တပ်မတော်အစိုးရနဲ့ လက်တွဲလိုက်ခြင်းဟာ ကရင်အမျိုးသားအစည်းအရုံးနဲ့ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်ရဲ့ သမိုင်းကြောင်းကို နိုင်ငံတော်ရဲ့ သမိုင်းရေးလိုအပ်ချက်နဲ့ ပေါင်းစပ်လိုက်ခြင်းသာ ဖြစ်ပါတယ်။ လက်တွေ့ကျတဲ့ ကရင်အမျိုးသားရေးလှုပ်ရှားမှုကို လုပ်ဆောင်လိုက်ခြင်းဖြစ်ပါတယ်။ ဒီဆောင်ရွက်ချက်ဟာ ကရင်အမျိုးသားခေါင်းဆောင်ကြီး စောဘဦးကြီး မျှော်မှန်းခဲ့တဲ့ ကရင်အမျိုးသားရေး မျှော်မှန်းချက်မူများနဲ့ ဗိုလ်ချုပ်ကြီးစောဘိုမြ က အမြော်အမြင်ရှိရှိ လမ်းစဖော်ပေးခဲ့တဲ့ ငြိမ်းချမ်းရေးလမ်းစဉ်ကို အကောင်

**ကရင်အမျိုးသား အစည်းအရုံး (KNU)/ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (KNLA) ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ တပ်မဟာ(၇) တပ်မဟာမှူး ဗိုလ်ချုပ်ဌေးမောင်အား ဖဒိုအောင်ဆန်း ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်စဉ်။**

(သတင်းစဉ်)



အထည် ဖော်လိုက်နိုင်တဲ့အတွက် ဂုဏ်ယူပါကြောင်း ပြောကြားလိုပါတယ်။

ကျွန်တော်ဟာ ကရင်တော်လှန်ရေးကာလတစ်လျှောက် စစ်မျက်နှာ အသီးသီးမှာ အငတ်ငတ် အပြတ်ပြတ်နဲ့ ဒုက္ခခံခဲ့ပါတယ်။ တိုက်ပွဲကြီးပေါင်း များစွာမှာလဲ အသက်ကိုပဓာနမထားဘဲ သေဖော်ရှင်ဖက် ရဲဘော်များနဲ့အတူ တိုက်ပွဲဝင်ခဲ့သူ ဖြစ်ပါတယ်။ ဒါကြောင့် အကြောင်းအမျိုးမျိုးနဲ့ ကျန်ရစ်ခဲ့တဲ့ ရဲဘော်များကို ပြောကြားလိုတာကတော့ ကရင်လူထုကို ဒုက္ခထပ်မပေးကြတော့ဖို့၊ ရဲဘော်တို့လည်း လူတစ်စုအတွက် မိုက်တွင်းမနက်ကြဖို့နဲ့၊ တကယ်လို့ ကရင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေး၊ ဒေသခံလူထုရဲ့ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွေအပေါ် စိတ်ရင်းစေတနာမှန်မှန် ပူးပေါင်းဆောင်ရွက်လိုတယ်ဆိုရင် ဖထီးက လှိုက်လှဲနွေးထွေးစွာ လက်ကမ်းကြိုနေကြောင်းပဲ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့ ကျွန်တော်တို့ကို လှိုက်လှဲဝမ်းသာစွာကြိုဆိုပြီး စေတနာအပြည့်နဲ့ ဖြည့်ဆည်းကူညီကြတဲ့ တပ်မတော်အစိုးရနဲ့ ပြည်သူလူထုကို ကျေးဇူးတင်ပါကြောင်းနဲ့ ငြိမ်းချမ်းရေးထာဝရ တည်ဆောက်ကာ နိုင်ငံတော်နဲ့ ပြည်သူ့အကျိုးကို သယ်ပိုးသွားမည်ဖြစ်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

ကျေးဇူးတင်ပါတယ်။



**❀ ရောက်ရှိချိန်မှ**

KNU/KNLA ခေါင်းဆောင် ရဲဘော်ရဲဘက်များ အားလုံးကိုလည်း ကိုယ့်ကရင်ပြည်နယ်ဒေသမှာ အတူတကွ အေးချမ်းသာယာစွာ လက်တွဲနေထိုင်ကြဖို့ နွေးထွေးစွာ ဖိတ်ခေါ်လိုပါသည်။

ဒီနေ့ကစပြီး ကျွန်တော်တို့နယ်မြေမှာ ရွာပုန်း၊ ရွာရှောင်ဆိုလို့ လုံးဝမရှိတော့ပါဘူး၊ ဒုက္ခသည် ဆိုတာလည်း မရှိတော့ပါဘူး၊ ကရင်ပြည်နယ်မှာ အားလုံး လွတ်လပ်စွာ နေထိုင်နိုင်ကြပါတယ်။ ငြိမ်းချမ်းရေး ရရှိအောင် ဝိုင်းဝန်းကြိုးစားပေးကြတဲ့ အဖွဲ့အစည်းအားလုံးကို ကျေးဇူးတင်ပါတယ်။

# ကျွန်တော်နှင့် အဖျက်သမားများ

**ဖဒိုအောင်ဆန်း**

KNU အမှတ်(၇) တပ်မဟာမှူး ဗိုလ်ချုပ်ဌေးမောင် ဦးစီးသောအဖွဲ့သည် နိုင်ငံတော်အစိုးရနှင့် ငြိမ်းချမ်းရေးဆွေးနွေးနေကြောင်း၊ မကြာမီ ငြိမ်းချမ်းရေး တည်ဆောက်ပြီး ငြိမ်းချမ်းရေးရယူကာ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးများကို ပူးပေါင်းဆောင်ရွက်တော့မည်ဖြစ်ကြောင်း သတင်းများကြားခဲ့ရသည့် အချိန်ကစ၍ ဝမ်းသာကြည်နူးနေခဲ့မိပါသည်။ ၎င်းတို့ ကြံစည်ဆောင်ရွက်သည့်အတိုင်း အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်လည်း ဆုတောင်းပေးနေမိခဲ့ပါသည်။ မူလကကြားသည့် သတင်းများအရတော့ ယခုကဲ့သို့ ငြိမ်းချမ်းရေးဆောင်ရွက်ရာတွင် ဗိုလ်ချုပ်ဌေးမောင်နှင့်အတူ ဗိုလ်ကျော်နီပါသည်ဟု ကြားခဲ့ရသော်လည်း နောက်ပိုင်းတွင် ဗိုလ်ကျော်နီကို သူတို့ဘက်က ရာထူးပေး၊ အခွင့်အရေးပေး စည်းရုံးသိမ်းသွင်းလိုက်သဖြင့် စိတ်ပြောင်းသွားကြောင်း ကြားသိရပါသည်။ မည်သို့ပင်ဆိုပါစေ KNU တွင် အစဉ်အလာရှိခဲ့သည့် ဗိုလ်ချုပ်ဌေးမောင်နှင့်အဖွဲ့ ယခုကဲ့သို့ ပြတ်ပြတ်သားသား ဆောင်ရွက်နိုင်ခြင်းကို ဝမ်းသာဂုဏ်ယူမိသကဲ့သို့ ကျန်ခဲ့သည့်သူများကိုလည်း ပြောချင်တာလေးတွေကြောင့် ဒီဆောင်းပါးကို ရေးမိပါသည်။

KNU အဖွဲ့တွင် တိုက်စွမ်းရည် အကောင်းဆုံးနှင့် ကရင်ပြည်သူလူထု၏ ထောက်ခံမှုအရဆုံး ပုဂ္ဂိုလ်ကတော့ ဗိုလ်ချုပ်မြပင်ဖြစ်သည်။ ဒုတိယပုဂ္ဂိုလ်ကတော့ KNU အမှတ်(၇) တပ်မဟာမှူး ဗိုလ်ချုပ်ဌေးမောင်ပင်ဖြစ်သည်။ သူတို့နှစ်ဦးစလုံးကို ကျွန်တော် ကြည်ညိုလေးစားပါသည်။ သူတို့နှစ်ဦးစလုံးက အမျိုးသားရေးတာဝန်ကို သစ္စာရှိရှိ ကျေပွန်စွာ ထမ်းရွက်ကြပါသည်။ ကျွန်တော်အသိဆုံးပင် ဖြစ်ပါသည်။ ဗိုလ်ချုပ်ဌေးမောင်ကြောင့် တပ်မဟာ(၇)က KNU တပ်မဟာများတွင် အင်အား အတောင့်တင်းဆုံးနှင့် တိုက်စွမ်းရည် အကောင်းဆုံးပင်ဖြစ်ပါသည်။ ဗိုလ်တုတု(သေဆုံး) နှင့် ဗိုလ်ကျော်နီဆိုတာ နောက်ပေါက်တွေ ဖြစ်ပါသည်။ ဗိုလ်ကျော်နီသည် ဗိုလ်ချုပ်ဌေးမောင်ကြောင့် စိန်နားကပ်အရောင်ဖြင့် ပါးပြောင်လာသူဖြစ်ပါသည်။ သိလိုပါက ကျွန်တော့်ကို လာမေးကြပါ။ သူ့အကြောင်းကို ကျွန်တော်အတွင်းသိ အစင်းသိ အကုန်သိပါသည်။ အမျိုးသားညီလာခံ ကိုယ်စားလှယ်တစ်ဦးအနေနှင့် လုပ်ထုံးလုပ်နည်း စည်းကမ်းသတ်မှတ်ချက်များအရ ယခုမရေးသေးပါ။ အမျိုးသားညီလာခံကြီးပြီးစီးပါက KNU မှာ သစ္စာမရှိသည့် ဗိုလ်ကျော်နီလိုလူများအကြောင်းကို ခရေစေ့တွင်းကျ ရေးသားဖော်ထုတ်ပါမည်။ ဗိုလ်ကျော်နီဟာ တစ်နေ့ကျရင် ဆရာအာခံ အာခေါင်လုံ့စူး ဆိုသည့်ဘဝသို့ ရောက်မှာသေချာပါသည်။

ပဒိုမန်းရှာကတော့ ကိုယ့်ဘဝကိုယ်မသိသည့် လူဖြစ်ပါသည်။ ခြေနှစ်ချောင်း မသနားကောင်းသည့် လူစားမျိုးတွင် ပါဝင်သူလည်းဖြစ်ပါသည်။ ၎င်းသည် ကရင် ကွန်မြူနစ်ဆိုသည့် လူတန်းစားပျက်ထဲမှ တစ်ယောက်ဖြစ်ပါသည်။ တစ်ခါတုန်းက ကျွန်တော်တို့ အစည်းအဝေးတစ်ခုမှာ KNU ခေါင်းဆောင် ဗိုလ်ချုပ်များက မန်းဘဇံဆိုတာ ကွန်မြူနစ်ဖြစ်ကြောင်း၊ လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားနေသည်ဟု ပြောကြသည်ကို မန်းဘဇံက ဘာမျှပြန်ရှင်းမပြတတ်တော့ပါ။ KNUP ဆိုတာ ကရင် ကွန်မြူနစ်ပါတီ ဖြစ်ပါသည်။ ပဒိုမန်းရှာသည်လည်း ကွန်မြူနစ်ပင် ဖြစ်ပါသည်။ သို့သော်လည်း ၎င်းသည် ကွန်မြူနစ် မဟုတ်ယောင် ဆောင်နေပါသည်။ သိုးငယ်သားရေခြုံထားသော ကောက်ကျစ်စဉ်းလဲသည့် မြေခွေးသာဖြစ်ပါသည်။ သူ့ကိုယ်သူ သူတော်ကောင်းယောင်ဆောင်ပြီး ကရင်လူထုအတွက်လို့ အသံကောင်းဟစ်နေတာတွေကို သူ့အကြောင်း မသိသူများနှင့် အဖျက်သမားများသာ ယုံကြည်ကြပါမည်။

**ပဒိုမန်းရှာ ဟစ်ကြွေးတောင်းဆိုနေတာတွေ၊ လုပ်နေတာတွေသည် ယနေ့ ကရင် ပြည်သူလူထု၏ အမှန်တကယ်လိုလားချက်နှင့် ပြဒါးတစ်လမ်း သံတစ်လမ်း ဖြစ်နေပါသည်။ လွတ်လပ်ရေးရပြီး ကတည်းက စခဲ့တဲ့ သောင်းကျန်းမှုကြောင့် မိမိတို့ ကရင်ပြည်နယ်အတွင်းမှာ တည်ငြိမ်အေးချမ်းမှု မရှိခဲ့တာတွေ၊ ပြည်သူလူထုအများစုဟာ တိုက်ပွဲတွေကြားမှာ ဒုက္ခရောက်ခဲ့ရတာတွေ၊ အဲဒီလို ပြည်နယ်တည်ငြိမ်အေးချမ်းမှုမရှိလို့ အခြားသော တိုင်းရင်းသားများနေထိုင်ရာ ဒေသများမှာလို ဖွံ့ဖြိုးတိုးတက်မှုမရှိဘဲ နောက်ကျနေးကွေးခဲ့ရတာတွေကို ပဒိုမန်းရှာတစ်ယောက် မှန်မှန်ကန်ကန် တွေးခေါ်သိမြင်သင့်ပါသည်။ ခုတော့ဒီလိုမဟုတ်ဘဲ ပြည်နယ်ကိုခွဲထွက်ပြီး ဖက်ဒရယ်မှုနဲ့ ထူထောင်ဖို့၊ ပြည်ထောင်စုပြိုကွဲစေနိုင်တဲ့ တောင်းဆိုမှုတွေနဲ့ လက်နက်အားကိုးနဲ့သာ ခရီးဆက်ဖို့ ဦးတည်ဆောင်ရွက်နေဆဲဖြစ်နေတာကို တွေ့ရပါသည်။ တကယ်တော့ ကရင်ပြည်နယ်အတွင်းက ကရင်ပြည်သူလူထုတွေ လိုလားတောင့်တနေတာက ကရင်ပြည်နယ်ကြီး တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်စေရန်၊ တခြားသော အေးချမ်းမှုဖြင့် ဖွံ့ဖြိုးနေသည့် တိုင်းရင်းသားများနေထိုင်ရာ ဒေသများကဲ့သို့ မိမိတို့ ပြည်သူလူထုကလည်း အေးချမ်းသာယာစွာဖြင့် လုပ်ကိုင်စားသောက်နေထိုင်ကြရန် ဖြစ်ပါသည်။ တိုင်းရင်းသားအချင်းချင်းဖြစ်ခဲ့သည့် တိုက်ပွဲများအကြားတွင် နှစ်ပေါင်း ၅၀ ကျော်နေခဲ့သော ကရင်ပြည်သူလူထု အမှန်တကယ်လိုလားတာက ငြိမ်းချမ်းရေးသာ ဖြစ်ပါသည်။ မကြာမီပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရရှိလာမည့် အခွင့်အလမ်းများကို ခံစားပြီး အေးချမ်းစွာနေထိုင် ဖွံ့ဖြိုးလိုကြပါသည်။**

ပဒိုမန်းရှာသည် ကရင်ပြည်သူလူထု အမှန်တကယ် လိုလားတောင့်တနေသော ငြိမ်းချမ်းရေးကို ဆန့်ကျင်ကျောခိုင်းထားသည်။ လုံးဝအကောင်အထည်ဖော်လိုခြင်း မရှိပါ။ ဒါကလည်း ကရင်ပြည်သူလူထုအကျိုးထက် ၎င်း၏ကိုယ်ကျိုးအတ္တအတွက် သူ့ကိုထောက်ပံ့ပေးနေသော ကိုလိုနီလက်သစ် ပြည်ပနိုင်ငံကြီးတချို့ရဲ့ အကြိုက်ကို လိုက်ပြီး လုပ်နေရ၍ဖြစ်ပါသည်။ ကရင်ပြည်သူလူထုအကျိုးကို ဗန်းပြပြီး ဖက်ဒရယ်မှုနဲ့ ပြည်ထောင်စုကခွဲထွက်ဖို့၊ ငြိမ်းချမ်းမှုမရှိဘဲ ပြည်သူလူထုဟာ တိုက်ပွဲတွေကြားမှာ ဒုက္ခပေါင်းစုံနဲ့ နေကြရပြီး မငြိမ်မသက်ဖြစ်မှသာ လက်ရှိတပ်မတော်အစိုးရအတွက် အခက်အခဲ အကျပ်အတည်း ဖြစ်စေရမယ်ဆိုတဲ့ ပြည်ပရဲ့ သွေးထိုးလှုံ့ဆော်မှုကို ယုံကြည်ပြီး ဆင်ကန်းတောတိုး လုပ်နေခြင်းသာဖြစ်ပါသည်။

တစ်ခါက ကချင်ပြည်နယ်ကို KNU မှ စည်းရုံးရေးလွှတ်ရာတွင် ပဒိုမန်းရှာပါသွားပါသည်။ ဗကပနှင့် မတွေ့ရဟု ညွှန်ကြားလိုက်သည်ကို မလိုက်နာဘဲ လမ်းခရီးတွင် ဗကပနှင့် လျှို့ဝှက်စွာ တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ ထို့ကြောင့် KNU ဗဟိုဌာနချုပ် မာနယ်ပလောကို ပြန်ရောက်တော့ သူ့ကို အရန်ဗဟိုကော်မတီဝင်အဖြစ်မှ ဖြုတ်ပစ်လိုက်ရပါသည်။ KNU ရဲ့ လုပ်နည်းလုပ်ဟန်တွေမှားပြီး ဒီနေ့ထိ ကိုင်စွဲနေတဲ့ လက်နက်ကိုင် သောင်းကျန်းမှုများဟာ ပဒိုမန်းရှာကဲ့သို့သော ကရင်ကွန်မြူနစ်များကြောင့် ဖြစ်ပါသည်။ ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုသည့် ကရင်ကွန်မြူနစ်များကတော့ ကရင်ပြည်နယ်နဲ့ ကရင်အမျိုးသားအားလုံး ပျက်စီးမည်ဖြစ်သည့်တိုင် အရေးစိုက်ကြမည် မဟုတ်ပါ၊ မိုက်တွင်းနက်နေကြဦးမည်သာ ဖြစ်ပါသည်။

ပဒိုမန်းရှာ၊ ဗိုလ်ကျော်နီလိုသစ္စာမရှိ ကျဉ်းမြောင်းသော အမျိုးသားရေးအမြင်သာရှိသည့် လူများမှာ မကြာမီ ဆင်ကန်းတောတိုးဘဝကို ရောက်ကြမှာ သေချာပါသည်။ အစဉ်အလာကြီးမားပြီး ကရင်လူထုက ကြည်ညိုလေးစားသည့် ဗိုလ်ချုပ်ဌေးမောင်လို ပုဂ္ဂိုလ်ကို ပဒိုမန်းရှာက မဟုတ်မမှန်ဝေဖန်တာ ကျွန်တော်အနည်းငယ်မျှ သည်းခံလိုစိတ်မရှိပါ။ ဗိုလ်ချုပ်ဌေးမောင်အနေဖြင့် လက်ရှိတပ်မတော်အစိုးရနှင့် တွေ့ဆုံဆွေးနွေးပြီး ငြိမ်းချမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် အစီအစဉ်ကို အညံ့ခံ အရှုံးပေးသည်ဟု သူကစွပ်စွဲသည်။ KNU ၏လမ်းစဉ်နှင့် ဆုံးဖြတ်ချက်များကို ဆန့်ကျင်စွန့်ခွာကျောခိုင်းသည်ဟု စွပ်စွဲသည်။ အမှန်တော့ ဗိုလ်ချုပ်ဌေးမောင်လုပ်ရပ်သည် KNU ခေါင်းဆောင်ကြီးများ ချမှတ်ခဲ့သည့် လမ်းကြောင်းအတိုင်း သူတို့က မလုပ်ကြလို့၊ မလုပ်နိုင်ကြလို့၊ မလုပ်ချင်ကြလို့ ဗိုလ်ချုပ်ဌေးမောင်က လုပ်လိုက်ရခြင်းသာ ဖြစ်ပါသည်။

မာနယ်ပလောကို သတိရပါသည်။ မာနယ်ပလောမှာ ကျွန်တော်ရှိစဉ် ပဒိုမန်းရှာ ယခုကဲ့သို့ ဝေဖန်ပြောဆိုပါက သူ့ဘဝ ဘယ်ရောက်မည်ကို သူအသိဆုံးဖြစ်သည်။ နိုင်ငံရေးမှာ အတွေးမှား၊ အမြင်မှားနဲ့ လုပ်ရပ်မှားခဲ့ရင် အားလုံးဒုက္ခရောက်မှာသာဖြစ်သည်။ စိုင်ကော်လို့ ချုံပေါ်ရောက်နေတဲ့ ပဒိုမန်းရှာတစ်ယောက် အနေအထိုင်မတတ်ရင် သေတွင်းထဲကျပြီး ဘဝဆုံးမှာသေချာပါသည်။

**ကျွန်တော် ငြိမ်းချမ်းရေးပြန်ယူခဲ့တာ အခွင့်အရေးလိုချင်လို့ မဟုတ်ပါ။ ကိုယ်ကျိုးအခွင့်အရေး မတောင်းခဲ့ဖူးပါ။ ကိုယ်နေထိုင်ရာ အရပ်ဒေသတွင် အေးချမ်းသာယာပြီး ဖွံ့ဖြိုးအောင်လုပ်မည်သာဖြစ်သည်။ နိုင်ငံတော်ကလည်း အစစ အရာရာ ကူညီပံ့ပိုးသည်။ ယခင်မငြိမ်းချမ်းသည့်အချိန်က ဘုရားကုန်းဒေသ အနီးအနားတစ်ဝိုက်တွင် တဲစုတ်အိမ်စုတ်များသာရှိခဲ့သည်။ ယခုတော့ နှစ်ထပ်တိုက်၊ တစ်ထပ်တိုက်၊ ပျဉ်ထောင် ပျဉ်းခင်း သွပ်မိုးအိမ်များဖြင့် ပြည်သူလူထုမှာလည်း ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကအစ ဖွံ့ဖြိုးတိုးတက်ပြီး အေးချမ်းသာယာနေပြီဖြစ်သည်။** မယုံလျှင် လာကြည့်ပါ။ စိုက်ပျိုးရေး၊ မွေးမြူရေး အထူးအောင်မြင်သောဒေသ ဖြစ်နေပြီဖြစ်သည်။ ရပ်သူရွာသားများကတော့ ငြိမ်းချမ်းရေး၏ အေးမြသောအရသာကို ခံစား၊ စံစားနေကြရပြီဖြစ်ပါသည်။ ကျေနပ်ပျော်ရွှင်နေကြပြီ ဖြစ်ပါသည်။

ထို့ကြောင့် တလွဲဆံပင်ကောင်းပြီး အမေကျော်ဒွေးတော်လွမ်းကာ ကရင်ပြည်နယ်ပြည်သူလူထုကို ဒုက္ခတွင်းထဲက မတက်နိုင်အောင် ဆက်လက်မိုက်တွင်းနက်နေကြသည့် ပဒိုမန်းရှာနှင့် ကျော်နီတို့ကဲ့သို့သော လူတစ်စုတွေ အမှန်အတိုင်းသိဖို့၊ မြင်ဖို့၊ တွေးတောလုပ်ကိုင်တတ်ဖို့ လိုနေပြီဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

**ပြည်နယ်ကိုခွဲထွက်ပြီး ဖက်ဒရယ်မှုနဲ့ ထူထောင်ဖို့၊ ပြည်ထောင်စုပြိုကွဲစေနိုင်တဲ့ တောင်းဆိုမှုတွေနဲ့ လက်နက်အားကိုးနဲ့သာ ခရီးဆက်ဖို့ ဦးတည်ဆောင်ရွက်နေဆဲဖြစ်နေတာကို တွေ့ရပါသည်။ တကယ်တော့ ကရင်ပြည်နယ်အတွင်းက ကရင်ပြည်သူလူထုတွေ လိုလားတောင့်တနေတာက ကရင်ပြည်နယ်ကြီး တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်စေရန်၊ တခြားသော အေးချမ်းမှုဖြင့် ဖွံ့ဖြိုးနေသည့် တိုင်းရင်းသားများနေထိုင်ရာ ဒေသများကဲ့သို့ မိမိတို့ ပြည်သူလူထုကလည်း အေးချမ်းသာယာစွာဖြင့် လုပ်ကိုင်စားသောက် နေထိုင်ကြရန် ဖြစ်ပါသည်။ တိုင်းရင်းသားအချင်းချင်းဖြစ်ခဲ့သည့် တိုက်ပွဲများအကြားတွင် နှစ်ပေါင်း ၅၀ ကျော်နေခဲ့သော ကရင်ပြည်သူလူထု အမှန်တကယ်လိုလားတာက ငြိမ်းချမ်းရေးသာ ဖြစ်ပါသည်။ မကြာမီပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရရှိလာမည့် အခွင့်အလမ်းများကိုခံစားပြီး အေးချမ်းစွာ နေထိုင်ဖွံ့ဖြိုးလိုကြ ပါသည်။**

✳ စာမျက်နှာ ၅ မှ

ငြိမ်းချမ်းရေးအောင်ပွဲ အခမ်းအနားအပြီးတွင် ကရင်အမျိုးသားအစည်းအရုံး (KNU)/ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ တပ်မဟာ(၇)တပ်မဟာမှူး ဗိုလ်ချုပ်ထွေးမောင်နှင့် တက်ရောက်လာသူများက နိုင်ငံတော်မှ ထောက်ပံ့ပေးအပ်သောပစ္စည်းများကို လှည့်လည်ကြည့်ရှုကြသည်။

နိုင်ငံတော်က ကရင်အမျိုးသားအစည်းအရုံး (KNU)/ ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် (KNLA) ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ တပ်မဟာ(၇)တပ်မဟာမှူး ဗိုလ်ချုပ်ထွေးမောင်ခေါင်းဆောင်သော တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ယနေ့အခမ်းအနားတွင် ထောက်ပံ့ပေးအပ်သော ပစ္စည်းများမှာ လယ်ယာ (၁၆) ထွန်စက် ငါးစီး၊ ၂၁လက်မ ရုပ်မြင်သံကြားဖမ်းစက် ငါးလုံး၊ VCDတစ်လုံး၊ သွပ်အချပ် ၃၀၀၀၀၊ သစ်ခွဲသား ၁၃၂တန်၊ ဓော်ဘာစိုက်ခင်းဓေ ၁၀၀၊ အဝတ်အထည်နှင့် ပိတ်စမျိုးစုံ၊ မျက်နှာသုတ်ပဝါ၊ စောင်နှင့် ခြင်ထောင်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် မီးဖိုချောင်သုံးပစ္စည်းမျိုးစုံတို့ ဖြစ်သည်။

ထို့နောက် ကရင်အမျိုးသားအစည်းအရုံး (KNU)/ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ တပ်မဟာ(၇)တပ်မဟာမှူး ဗိုလ်ချုပ်ထွေးမောင်နှင့် တပ်ဖွဲ့ဝင်များသည် ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်၊ တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း၊ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးတို့နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံများ အမှတ်တရ ရိုက်ကူးကြသည်။

(သတင်းစဉ်)




**ကရင်အမျိုးသားအစည်းအရုံး (KNU)/ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA)ငြိမ်းချမ်းရေးကောင်စီ၏ ငြိမ်းချမ်းရေးအောင်ပွဲကြိုဆိုသည့်အခမ်းအနားတွင် တက်ရောက်လာသူများ မှတ်တမ်းဓာတ်ပုံ ရိုက်ကြစဉ်။** (သတင်းစဉ်)

## KNU/KNLA ငြိမ်းချမ်းရေးကောင်စီ၏ ငြိမ်းချမ်းရေးအောင်ပွဲ ကြိုဆိုသည့်အခမ်းအနား၌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း၏ ကြိုဆိုနှုတ်ခွန်းဆက်စကားမှ –

- တပ်မတော်နဲ့ လက်တွဲဆောင်ရွက်ခဲ့ကြတဲ့ အထူးဒေသအသီးသီးဟာ နေ့ချင်းညချင်း အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်။
- ငြိမ်းချမ်းရေးရယူပြီးခဲ့တဲ့ အဖွဲ့အစည်းအသီးသီးရဲ့ ခေါင်းဆောင်များဟာ အမျိုးသားညီလာခံကြီးမှာတက်ရောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး ဆွေးနွေးညှိနှိုင်းတိုင်ပင်လျက်ရှိကြ။
- ယနေ့ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်ဟာ နိုင်ငံတော်ရဲ့ အင်အားတစ်ရပ်၊ ဒေသခံပြည်သူတွေက အားကိုးလောက်တဲ့ အင်အားတစ်ရပ်ဖြစ်လာ။
- တပ်ဖွဲ့ဝင်များနှင့်မိသားစုများအတွက် တပ်မတော်အစိုးရနှင့် ပြည်သူတစ်ရပ်လုံးက အင်တိုက်အားတိုက် ကူညီဖြည့်ဆည်းပေးသွားမည်။

➪ စာမျက်နှာ ၇ မှ

အထူးဒေသတွေအဖြစ်သတ်မှတ်ပေးပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိထိရောက်ရောက် ကူညီဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်၊ တပ်မတော်နဲ့လက်တွဲဆောင်ရွက်ခဲ့ကြတဲ့ အထူးဒေသအသီးသီးဟာ နေ့ချင်းညချင်း အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်လာပြီး ငြိမ်းချမ်းရေးရယူလာသူတွေရဲ့ မိသားစုဝင်တွေအပါအဝင် ဒေသခံပြည်သူလူထုရဲ့ ကျန်းမာရေး၊ ပညာရေးကဏ္ဍတွေဟာ သိသိသာသာ တိုးတက်လာတဲ့နည်းတူ စိုက်ပျိုးရေးနဲ့မွေးမြူရေးစတဲ့ စီးပွားရေးလုပ်ငန်းတွေလည်း တောင့်တင်းခိုင်မာလာခဲ့ကြပါတယ်။ ဒါကြောင့် ဒေသခံပြည်သူအားလုံးဟာ ချမ်းမြေ့ကြည်နူးပျော်ရွှင်စွာနဲ့ ငြိမ်းချမ်းရေးရဲ့ အရသာကို ခံစားနေကြရပြီဖြစ်ပါတယ်။ ဒါ့အပြင် ငြိမ်းချမ်းရေးရယူပြီးခဲ့တဲ့ အဖွဲ့အစည်းအသီးသီးရဲ့ ခေါင်းဆောင်များဟာလည်း အမျိုးသားညီလာခံကြီးမှာတက်ရောက်ပြီး ပြည်ထောင်စုကြီးရဲ့ အနာဂတ်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေးအတွက် ဆွေးနွေးညှိနှိုင်းတိုင်ပင်လျက်ရှိကြပါတယ်။

ဒါကြောင့် တပ်မတော်ဟာ ငြိမ်းချမ်းရေးရယူနိုင်ခြင်းမရှိသေးတဲ့အဖွဲ့အစည်းအားလုံးကို ဆက်လက်ပြီး လက်ကမ်းကြိုဆိုခဲ့ပါတယ်။ ယခုလို ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်၊ ငြိမ်းချမ်းရေးကောင်စီမှ ဗိုလ်ချုပ်ထွေးမောင်ခေါင်းဆောင်တဲ့ လက်နက်ကိုင်တပ်ဖွဲ့ဝင်များနဲ့ မိသားစုများဟာ ပြည်တွင်း/ပြည်ပ ပယောဂနဲ့ အနှောင့်အယှက်အဖျက်အဆီးအမျိုးမျိုးကြားက ငြိမ်းချမ်းရေးကိုမြတ်နိုးတောင့်တနေတဲ့ ကရင်တိုင်းရင်းသားတို့ရဲ့ ဆန္ဒနဲ့အညီ ငြိမ်းချမ်းရေးရယူခဲ့တာကို တပ်မတော်အစိုးရနဲ့ ပြည်သူတစ်ရပ်လုံးက လှိုက်လှဲဝမ်းမြောက်စွာ ကြိုဆိုပါကြောင်းနဲ့ ဗိုလ်ချုပ်ထွေးမောင်နဲ့ တပ်ဖွဲ့ဝင်များဟာ ဂုဏ်ယူထိုက်တဲ့လုပ်ငန်းတစ်ရပ်ကို ဖော်ဆောင်နိုင်တဲ့အတွက်လည်း လေးစားပါကြောင်း ပြောကြားလိုပါတယ်။

ယနေ့ဆိုရင် ဗိုလ်ချုပ်ထွေးမောင်ဦးစီးတဲ့ ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော်ဟာ နိုင်ငံတော်ရဲ့အင်အားတစ်ရပ်၊ ဒေသခံပြည်သူတွေက အားကိုးလောက်တဲ့အင်အားတစ်ရပ်ဖြစ်လို့လာပြီဖြစ်ပါတယ်၊ ဒါကြောင့် တပ်မတော်နဲ့ လက်တွဲပြီး ဒေသဖွံ့ဖြိုးရေးကို ဆောင်ရွက်ကြပါစို့လို့ပြောကြားလိုပါတယ်၊ မိမိတို့ဟာသွေးရင်းသားရင်း ညီရင်းအစ်ကိုများဖြစ်တာနဲ့အညီ ဒေသဖွံ့ဖြိုးရေးအတွက်ရော တပ်ဖွဲ့ဝင်များနဲ့မိသားစုများအတွက်ပါ တပ်မတော်အစိုးရနဲ့ ပြည်သူတစ်ရပ်လုံးက အင်တိုက်အားတိုက် ကူညီဖြည့်ဆည်းဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း အလေးအနက် ကတိပြုပြောကြားလိုပါတယ်။

ဒါ့အပြင် ငြိမ်းချမ်းရေးရယူဖို့ ကျန်နေသေးတဲ့ တပ်ဖွဲ့ဝင်များကိုလည်း အစဉ်လက်ကမ်းကြိုဆိုဖိတ်ခေါ်လျက်ရှိပါကြောင်း ပြောကြားရင်းနိဂုံးချုပ်ပါတယ်။



**ကရင်အမျိုးသားအစည်းအရုံး(KNU)/ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA)ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ တပ်မဟာ(၇) တပ်မဟာမှူး ဗိုလ်ချုပ်ထွေးမောင်နှင့် တပ်ဖွဲ့ဝင်များအတွက် နိုင်ငံတော်မှ ထောက်ပံ့ပေးအပ်သည့် ပစ္စည်းများကို တွေ့ရစဉ်။** (အပေါ်ပုံနှင့် အောက်ပုံ) (သတင်းစဉ်)



## မြန်မာ–တရုတ် လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ နယ်စပ်ဆက်ဆံရေးရုံးထူထောင်ရေး ပထမအကြိမ် ညှိနှိုင်းစည်းဝေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

မြန်မာ–တရုတ်နှစ်နိုင်ငံ လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေး အရှိန်မြှင့်ဆောင်ရွက်နိုင်ရေးအတွက် နယ်စပ်ဆက်ဆံရေးရုံးထူထောင်ရေး ပထမအကြိမ်အစည်းအဝေးကို ဖေဖော်ဝါရီ ၇ ရက်နှင့် ၈ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရွှေလီမြို့၌ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန မူခင်းတပ်ဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr.Yuximmin ဦးဆောင်သည့် တရုတ်ကိုယ်စားလှယ်အဖွဲ့၊ မြန်မာ–တရုတ်နှစ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မည့် UN Agencies များဖြစ်သည့် UNICEF, UNIAP, UNODCတို့နှင့် ARTIP, World Vision, SC(Myanmar)စသည့် INGO အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အဆိုပါအစည်းအဝေးတွင် နှစ်နိုင်ငံနယ်စပ်မြို့များဖြစ်သည့် မူဆယ်မြို့နှင့် ရွှေလီမြို့တို့၌ ဆက်ဆံရေးရုံးများဖွင့်လှစ်၍ ပူးပေါင်းဆောင်ရွက်မှုအရှိန်အဟုန်မြှင့်ပြီး လူကုန်ကူးမှု တားဆီးနှိမ်နင်းရန် ညှိနှိုင်းသဘောတူကြသည်။ (သတင်းစဉ်)



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း ကရင်အမျိုးသားအစည်းအရုံး (KNU)/ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော် (KNLA) ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ တပ်မဟာ(၇) တပ်မဟာမှူး ဗိုလ်ချုပ်ဌေးမောင်ထံ လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

(သတင်း-ရှေ့ဖုံး) (သတင်းစဉ်)



ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူး ကရင်အမျိုးသားအစည်းအရုံး (KNU)/ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (KNLA) ငြိမ်းချမ်းရေးကောင်စီ တပ်မဟာ(၇) မှ ဗိုလ်မှူးကြီးစောထော့လေးထံ လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

(သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

# အထက(၁) ဒဂုံ ပညာရေးမိသားစု သီလရှင်များအား စာရေးတံမဲလှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာရေးမိသားစု၏ သမိဒ္ဓေါဒယ သုခိတာရာမ မြန်အောင်ကျောင်းတိုက်ရှိ သီလရှင်များအား ဆဋ္ဌမအကြိမ်မြောက် စာရေးတံမဲ မဲဖောက်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၈ နာရီက အဆိုပါကျောင်းရှိ ဧည့်ခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော်က သမိဒ္ဓေါဒယ သုခိတာရာမမြန်အောင်ကျောင်းတိုက် တိုက်အုပ်ဆရာကြီး အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒေါ်ဇယဝတီနှင့် နာယက ဆရာတော်ကြီး ၁၃ပါးအား စာရေးတံမဲဖောက်ဆက်ကပ်လှူဒါန်းပြီး သီလရှင်အပါး ၂၈၀ တို့အား အတန်းမှူးနှင့် ဆရာ၊ ဆရာမများ၊ မိဘများ၊ ဧည့်သည်တော်များ၊ ကျောင်းသား၊ ကျောင်းသူများက စာရေးတံမဲဖောက် လှူဒါန်းကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

သမိဒ္ဓေါဒယ သုခိတာရာမ မြန်အောင်ကျောင်းတိုက်ရှိ သီလရှင်များအား စာရေးတံမဲ ဖောက်လှူဒါန်းပွဲမှာ ဆဋ္ဌမအကြိမ်မြောက်ဖြစ်ပြီး အထက(၁) ဒဂုံ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ စေတနာရှင်မိဘများက စုစုပေါင်းလှူဒါန်းငွေမှာ ၈၂သိန်းကျော်ဖြစ်ကြောင်း သိရသည်။ (ပညာရေး)









# အလက(၁) မြောက်ဥက္ကလာပ ပထမအကြိမ် အာစရိယပူဇော်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

မြောက်ဥက္ကလာပမြို့နယ် အလက (၁) (ယခင်ပွင့်ကောင်းကျောင်း) ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဧပြီ ၁ ရက်တွင် ကျင်းပမည်ဖြစ်သည်။ ၁၉၆၀ ပြည့်နှစ်မှ ၂၀၀၇ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သော ကျောင်းအုပ်ကြီးများနှင့် ၁၉၆၀ မှ ၁၉၈၀ အထိ တာဝန် ထမ်းဆောင်ခဲ့ကြသော သက်ပြည့် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ကြမည်ဖြစ်ရာ ဆရာကြီး၊ ဆရာမကြီးများ ကျောင်းသို့ ဆက်သွယ်ကြပါရန်နှင့် လှူဒါန်းလိုပါက ဆရာ ဦးသန်းထွန်းတင့် (ကျောင်း) ဖုန်း-၆၉၉၃၆၃၊ ကိုသန်းစိုး ဖုန်း ၀၉-၉၉၇၁၂၆၁၊ ကိုဇော်မင်း ဖုန်း ၀၉-၅၁၄၀၂၆၆ နှင့် အလက (၁) မြောက်ဥက္ကလာပ ကျောင်း၌ (တနင်္ဂနွေနေ့)တိုင်း နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီထိ အလှူခံဌာနကို ဖွင့်လှစ်ထားကြောင်း သိရသည်။ (က-ပ)



အထက(၁) ဒဂုံ ပညာရေးမိသားစု၏ သမိဒ္ဓေါဒယ သုခိတာရာမ မြန်အောင်ကျောင်းတိုက်ရှိ သီလရှင်များအား စာရေးတံမဲ လှူဒါန်းပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော်က မြန်အောင်ကျောင်းတိုက် တိုက်အုပ်ဆရာကြီး အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒေါ်ဇယဝတီထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (ပညာရေး)

# ဗုဒ္ဓဝံသရက္ခိတအသင်း ဓမ္မသဘင်

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

ဗိုလ်တထောင်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော် ဗုဒ္ဓဝံသရက္ခိတ အသင်းမှ ကြီးမှူး၍ ဗိုလ်တထောင်စေတီတော်တိုးချဲ့ရင်ပြင်၌ ဖေဖော်ဝါရီ ၁၂ ရက်တွင် အရှင်ဇဝန (မေတ္တာရှင်ရွှေပြည်သာ)၊ ၁၃ ရက်၊ ၁၄ ရက်တွင် အရှင် ဆန္ဒာဓိက (ရွှေပါရမီတောရ) ဆရာတော်တို့က ည ၇ နာရီမှစ၍ တရားတော်များ ဟောကြားမည်ဟု သိရသည်။ (၃၅၂)

# သာသနရက္ခိတဓမ္မာရုံ တရားပွဲ

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် အမှတ် (၈)ရပ်ကွက် ဓိဇဝါလမ်းနှင့် ဒေါနလမ်းထောင့် သာသနရက္ခိတ ဓမ္မာရုံတွင် ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၀ ရက်အထိ ဓမ္မသဘင်ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၁၈ ရက်တွင် အရှင်ခေမာသိရီလင်္ကာရ ရွှေပြည်ဟိန်း သီတဂူကြာတပွင့် ဆရာတော်၊ ၁၉ ရက်တွင် အရှင်ကောဝိဒ မဇ္ဈိမဂုဏ်ရည် ဆရာတော်၊ ၂၀ ရက်တွင် ကိုးဘွဲ့ရ အရှင်အာစာရာလင်္ကာရ စစ်ကိုင်း ရွှေဟင်္သာ ဆရာတော်တို့က ညစဉ် ၇ နာရီမှစ၍ တရားတော်များဟောကြားတော်မူမည်ဖြစ်သည်။ (က-ပ)

## ထူးခြားသည့် ညအပူချိန်များ

၁၁-၂-၂၀၀၇

**ဟားခါး**
၁ ဒီဂရီစင်တီဂရိတ်

**လားရှိုးနှင့် ပင်လောင်း**
၄ ဒီဂရီစင်တီဂရိတ်

**ရန်ကုန်**
၁၉ ဒီဂရီစင်တီဂရိတ်

## သင့်သွေးဖြင့် အသက်ကယ်ပါ

# မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၂-၂-၂၀၀၇ (တနင်္လာနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ **နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပပုံတိုက်ရိုက် ထုတ်လွှင့်မှုအစီအစဉ်**
- ၈:၀၀ ၂။ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၃၀ ၃။ International News.
- ၈:၄၅ ၄။ Grammar Made Easy.
- ၉:၀၀ ၅။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (အင်္ဂလိပ်စာအထူးပြု) (အင်္ဂလိပ်စာ)
- ၄:၄၅ ၄။ အကပဒေသာ
- ၅:၀၀ ၅။ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၅:၁၀ ၆။ မြန်မာစာ၊ မြန်မာစကား
- ၅:၂၀ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာ အဆိုအကများ
- ၅:၂၅ ၈။ **"ချစ်သောမြေ ချစ်သောရေ" (ရာဇာနေဝင်း၊ ခိုင်နှင်းဝေ) (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)**
- ၅:၃၅ ၉။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၅:၄၅ ၁၀။ **"စက်မှုဇုန်မှာ ကျွန်မ စက်ရုံလာတည်တော့မယ်" [ဖြိုးငွေစိုး၊ မိုးဒီ၊ စောနိုင်(ရှမ်းပြည်)၊ သဇင်၊ နှင်းဆီ၊ ခင်မို့မို့အေး] [ဒါရိုက်တာ-တင်အောင်ရွှေ (သုတေသီ)]**
- ၅:၅၀ ၁၁။ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၆:၀၀ ၁၂။ ညနေခင်းသတင်း
- ၆:၃၀ ၁၃။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၄။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "တောတွင်းသားငယ်လေး" (အပိုင်း-၅၀)**
- ၆:၅၀ ၁၅။ အလှရှာမယ်လှကမ္ဘာဝယ်
- ၇:၀၀ ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ညီမ ငယ်ပါသေး" (အပိုင်း-၁၅)**
- ၇:၅၀ ၁၇။ ဘာသာစကားသင်ကြားလေ့လာ တက္ကသိုလ်မှာ
- ၈:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "တကယ်သဘောကျတယ်" (အပိုင်း-၂၃)**
- ၂၂။ နောက်တစ်နေ့အစီအစဉ်
- ၂၃။ အစီအစဉ်ပြီး၏။

## အင်တာနက် အဏ္ဏဝါသုတေသန သတင်း

# ရှေးကျသော ငါးမန်းမျိုး ဂျပန်ပင်လယ်တွင် ဖမ်းမိ

**တိုကျို ဖေဖော်ဝါရီ ၁၁**

ရှေးကျသော ဂေါ်ပလင်ငါးမန်းမျိုး တစ်ကောင်ကို ဂျပန်ပင်လယ်ပြင်တွင်း၌ ဖမ်းဆီးရမိခဲ့ကြောင်း၊ ထိုငါးမန်းမျိုးကို မြင်တွေ့ဖူးသူ အလွန်ရှားပါးကြောင်း ယနေ့ အင်တာနက်သတင်း၌ ဖော်ပြသည်။

ယင်းငါးမန်းကို ဖမ်းမိစဉ်က အသေမဟုတ်ဘဲ အရှင်ဖမ်းမိခြင်းဖြစ်သည်။ ထိုငါးကို ဂျပန်ငါးပြတိုက်၌ ပြသခဲ့သော်လည်း အကြောင်းမသင့်သဖြင့် ရက်အနည်းငယ်အကြာတွင် သေဆုံးသွားခဲ့သည်။

ရှေးကျသော ငါးမန်းမျိုးသည် အရှည် ၁ ဒသမ ၃ မီတာခန့် ရှိသော မီးခိုးရောင်မွဲပြာပြာရောင်ရှိပြီး ရှည်လျားသော နှာတံရှိကာ ငေါ်ထွက်နေသော မေးရိုးနှင့် ချွန်မြသော ဆူးသဏ္ဍာန်ရှိသည့် သွားများပါရှိသည်။

ဤငါးမျိုးသည် ရေတိမ်တွင် ကျက်စားသော ငါးမျိုးမဟုတ်ဘဲ ပေ ၅၀၀၊ ၆၀၀ အနက်ရှိသည့် ရေနက်ပိုင်းတွင် ကျက်စားသော ငါးမျိုးဖြစ်သည်။ ဂျပန်တံငါသည်က ယင်းဂေါ်ပလင်ငါးမန်းကို ပေ ၅၀၀ကျော်အနက်မှ ဖမ်းမိခဲ့သည်။

ဂေါ်ပလင် ငါးမန်းမျိုးကို ဂျပန်ပင်လယ် ရေနက်ပိုင်းတွင်သာမက တောင်အာဖရိကနှင့် အိန္ဒိယသမုဒ္ဒရာပြင်တို့၌လည်း တွေ့ရသည်ဟု ဆိုသည်။

ယင်း ငါးမန်းမျိုးသည် မည်သို့ နေထိုင်ပေါက်ပွားကျက်စားသည်ကို သေချာစွာ မသိရှိရသေးပေ။

ဤငါးမျိုးသည် သမိုင်းဦးကာလက ရှိခဲ့သော ငါးမန်းမျိုးနှင့် သဏ္ဍာန်တူပြီး မေးရိုးနှင့် သွားများ၏ အနေအထားကို ထောက်ရှု၍ အသားစားသော ငါးမျိုးဖြစ်မည်ဟု ပညာရှင်များက ခန့်မှန်းကြသည်။

***အင်တာနက်။***



**ဂျပန်ပင်လယ်ပြင် ရေနက်ပိုင်းတွင် ကျက်စားသည့် ရှေးကျသော ဂေါ်ပလင်ငါးမန်းကို တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

# အီတလီတွင် ဘောလုံးကစားရန် တိုက်စစ်မှူး ဆာဗီယိုလာ လိုလား

**မဒရစ် ဖေဖော်ဝါရီ ၁၁**

မိမိသည် မည်သည့်အခါတွင်မျှ ရီးယဲမဒရစ်အသင်းသို့ ရွှေ့ပြောင်းမည်မဟုတ်ကြောင်း၊ အီတလီနိုင်ငံတွင် ဘောလုံးကစားရန် မိမိလိုလားပြီး လာလီဂါ ဘောလုံးပြိုင်ပွဲကို စွန့်ခွာရန် သင့်မသင့် မိမိဆုံးဖြတ်ရမည်ဖြစ်ကြောင်း ဘာစီလိုနာအသင်း တိုက်စစ်မှူး ဟာဗီးယားဆာဗီယိုလာက ယနေ့ ပြောကြားသည်။

**ပြောကြား**

မိမိသည် ဘာစီလိုနာအသင်းကို သစ္စာဖောက်ကာ ရီးယဲလ်မဒရစ်အသင်းနှင့် ကန်ထရိုက်စာချုပ် လက်မှတ်ရေးထိုးမည်မဟုတ်ကြောင်း၊ သို့ရာတွင် အီတလီသို့ ပြောင်းရွှေ့ကစားရန် ဆုံးဖြတ်ရခြင်း မရှိသေးကြောင်း အာဂျင်တီးနား လက်ရွေးစင်အသင်းမှ ဘောလုံးသမားတစ်ဦးလည်းဖြစ်သူ ဆာဗီယိုလာက အီတလီမီဒီယာသို့ ပြောကြားသည်။

မိမိသည် နိုင်ငံခြား တိုင်းပြည်တစ်ပြည်သို့ ပြောင်းရွှေ့ကစားပါက အတွေ့အကြုံသစ် ရရှိမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဘာစီလိုနာအသင်းသည် မိမိ၏ စိတ်ကြိုက်အသင်းဖြစ်ပြီး အီတလီနိုင်ငံကဲ့သို့ ပြည်ပနိုင်ငံတစ်နိုင်ငံသို့ သွားရောက်ကာ ဘောလုံးကစားရန် စိတ်ဝင်စားကြောင်း၊ ဘာစီလိုနာအသင်း၏ ကမ်းလှမ်းချက်ကို စောင့်ကြည့်ကာ ဆုံးဖြတ်ချက်ချမှတ်ရမည်ဖြစ်ကြောင်း ဆာဗီယိုလာက ပြောကြားသည်။ ***အင်တာနက်။***

## အင်တာနက် အားကစားသတင်းများ



**ပြင်သစ်အသင်းနှင့် ချစ်ကြည်ရေး ခြေစမ်းပွဲ ကစားရန် မြို့တော်ပါရီ ဆင်ခြေဖုံးရှိ စရေဒီဖရန့်ခ် အားကစားကွင်းတွင် ပွဲကြိုလေ့ကျင့်နေသူ အာဂျင်တီးနားလူမျိုး တိုက်စစ်မှူး ဟာဗီးယားဆာဗီယိုလာအား ဖေဖော်ဝါရီ ၆ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

## ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၇)ဖြန့်ချိ

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃) အမှတ်(၇)တွင် ရေနံတင်သင်္ဘောများတွင် တာဝန်ထမ်းဆောင်ရန် အရည်အချင်းပြည့် မြန်မာသင်္ဘောသားများခေါ်ယူ၊ ကျန်းမာရေးဆိုင်ရာ အချက်အလက်များကို သမားတော်ကြီးများထံသို့ အွန်လိုင်းမှ တစ်ဆင့် အခမဲ့မေးမြန်းနိုင်မည်၊ မြန်မာနိုင်ငံ၏ တစ်ခါသုံးဆေးထိုးအပ်လိုအပ်ချက်အင်ရောင်းဆေးဝါးစက်ရုံက ဖြည့်ဆည်းပေးမည်၊ သဘာဝဘေးအန္တရာယ်များ ကျရောက်ခါနီးတိုင်း အသံပြုတတ်သည့် မှိုပွင့်သဏ္ဍာန်ကျောက်ကလပ် ဇရာဝတီတိုင်းအတွင်း၌ရှိ၊ လိုင်စင်ရပြီးနှစ်နှစ်အတွင်း ဝင်ငွေပြသနိုင်ခြင်းမရှိသော ဧည့်လမ်းညွှန်များကို အရေးယူမည်၊ ဂျပန်တက္ကသိုလ်များတွင် ပညာသင်ကြားနိုင်မည့်အခွင့်အလမ်း မြန်မာကျောင်းသားများ ရရှိနိုင်တော့မည် စသည့် ပြည်တွင်းရေးရာသတင်းများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

**ကဏ္ဍစုံလင်**

"ဘောလုံးလောက ပြဿနာများနှင့် ယူအီအက်ဖ်အေဥက္ကဋ္ဌသစ်" အားကစားဆောင်းပါးနှင့်အတူ ပေကျင်း၌ ပြည်ပသားများ အိမ်ခြံမြေဝယ်ယူခြင်း လုပ်ထုံးကြေညာ၊ အိန္ဒိယ ဘောဝုဒ်ကို စိုးမိုးသူ"ဘာချန်း"လား"ခန်းလား"၊ အရှေ့တောင်ဥရောပ၏ ပထမဆုံးသော"ရေခဲဟိုတယ်" ရိုမေးနီးယားနိုင်ငံတွင် ဖွင့်လှစ်၊ တရုတ်နိုင်ငံ ဗဟိုဒေသတွင် ဓာတ်ငွေ့ယိုစိမ့်သဖြင့် လူတစ်ဦးဖိတ်စဉ်ပြီး လူတစ်ရာအဆိပ်မိ၊ ၂၀၀၆ အင်ဒိုနီးရှားပို့ကုန် ဒေါ်လာကုဋေတစ်သောင်းဖြင့် စံချိန်တင် စသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့်အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံးဖြန့်ချိလိုက်ပြီဖြစ်သည်။ (က-ပ)

## ဝိဇာတမင်္ဂလာဓမ္မပူဇာ တရားပွဲကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

ရန်ကုန်တိုင်း တာမွေမြို့နယ် နတ်ချောင်းရပ်ကွက်ရှိ သာသနာ့ဗေယျမင်္ဂလာ ပရိယတ္တိစာသင်တိုက် (သုံးထပ်ကျောင်း) ပဓာန နာယကဆရာတော် ဘဒ္ဒန္တပညိန္ဒ မဟာသဒ္ဓမ္မဇောတိကဓဇ၏ ဝိဇာတမင်္ဂလာ အထိမ်းအမှတ်အဖြစ် ဓမ္မပူဇာတရားပွဲကို ဖေဖော်ဝါရီ ၁၆ရက်မှ ၁၈ရက်အထိသုံးရက်တိုင်တိုင် ကျင်းပမည်ဖြစ်သည်။

ဆရာတော်၏ဝိဇာတမင်္ဂလာအထိမ်းအမှတ်တရားပွဲကို ဖေဖော်ဝါရီ၁၆ရက်၌ယောဆရာတော် အရှင်သိရိန္ဒာဘိဝံသ (တိပိဋကဓရ တိပိဋကကောဝိဒ)၊ ၁၇ ရက်၌ ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသိရီလင်္ကာရ (သီတဂူကြာတစ်ပွင့်)၊ ၁၈ ရက်၌ (ခွဲကပင်ဆရာတော်) ဗဟုဇနဟိတဓရ ဘဒ္ဒန္တကဝိဓဇတို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ရာ တရားပွဲအတွက် ဓမ္မဒါနပြုလုပ်လိုပါက ဦးအေးချမ်း (သာသနာ့ဗေယျမင်္ဂလာ ပရိယတ္တိစာသင်တိုက်) ဖုန်း- ၅၄၁၀၀၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)



**ဖေဖော်ဝါရီ ၁၀ ရက်က ဆွစ်စူပါလိဂ် ဘောလုံးပြိုင်ပွဲတွင် ဇူးရစ်ကလပ်အသင်းမှ ဘလာရင်ဒဇီမီလီ(ယာ)အား တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

## ဆွစ်နှင့်ပြင်သစ် ဘောလုံးသမားနှစ်ဦး ဘော်လ်တန်အသင်းတွင် ကစားမည်

**လန်ဒန် ဖေဖော်ဝါရီ ၁၁**

လာမည့် ဘောလုံးရာသီမှစ၍ ဆွစ်လူမျိုး ဘောလုံးသမား ဘလာရင်ဒဇီမီလီနှင့် ပြင်သစ်လူမျိုး ဘောလုံးသမား ဂါရဲလ်ဆစ်တို့ ဘော်လ်တန်အသင်းတွင် ပါဝင်ကစားရန် သဘောတူညီချက် လက်မှတ်ရေးထိုးလိုက်ပြီဖြစ်ကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဘလာရင် ဒဇီမီလီသည် ဆွစ်ဇာလန် လက်ရွေးစင်အသင်းမှ ဘောလုံးသမားတစ်ဦးဖြစ်ပြီး ဖေဖော်ဝါရီ ၇ ရက်က ဂျာမနီအသင်းနှင့် ယှဉ်ပြိုင်ကစားသည့် ချစ်ကြည်ရေးခြေစမ်းပွဲ၌ ပါဝင်ကစား ခဲ့သည်။ ဒဇီမီလီသည် နှစ်နှစ်သက်တမ်းရှိ ကန်ထရိုက်စာချုပ်အရ ဘော်လ်တန်အသင်းတွင် ပါဝင်ကစားမည်ဖြစ်သည်။

အသက်(၂၀)အရွယ်ရှိ ဒဇီမီလီသည် ငယ်ရွယ်သော်လည်း အတွေ့အကြုံ ရင့်ကျက်သည့် ဘောလုံးသမားဖြစ်ကြောင်း၊ ၎င်းသည် ဇူးရစ်ကလပ်အသင်းတွင် အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူခဲ့ပြီး လာမည့်နှစ်များတွင်လည်း ဆွစ်ဇာလန်လက်ရွေးစင်အသင်း၌ မှန်မှန်ကစားသွားနိုင်မည်ဟု မျှော်လင့်ရကြောင်း ဘော်လ်တန် အသင်းမန်နေဂျာ ဆမ်အာလာဒိုက်စ် က ပြောကြားသည်။

ပြင်သစ်လူမျိုး ဂါရဲလ်ဆစ်မှာမူ အသက်(၂၃)နှစ်ရှိပြီး ပြင်သစ်နိုင်ငံတွင် အကောင်းဆုံး လူငယ်နောက်ခံလူဖြစ်ကြောင်း၊ ၎င်းသည် ဘောဒိုးအသင်းတွင် ကစားခဲ့ ကြောင်း အလာဒိုက်စ်က ပြောကြားသည်။ ***အင်တာနက်။***

## ဇန်နဝါရီလ အကောင်းဆုံးဘောလုံးသမား ဖက်ဘရေးဂတ်စ်ရွေးချယ်ခံရ

**လန်ဒန် ဖေဖော်ဝါရီ ၁၁**

ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ၏ ဇန်နဝါရီလအတွက် အကောင်းဆုံး ဘောလုံးသမားအဖြစ် အာဆင်နယ်အသင်းမှ ကွင်းလယ်ကစားသမား ဆက်စ်ဖက်ဘရေးဂတ်စ် ရွေးချယ်ခံရကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

**ပံ့ပိုးပေး**

ဖက်ဘရေးဂတ်စ်သည် ဇန်နဝါရီလအတွင်း ဘလက်ဘန်းရိုဗာအသင်း၊ မန်ချက်စတာယူနိုက်တက်အသင်းနှင့် ချာလ်တန်အသင်းတို့ကို အနိုင်ရရှိရေးအတွက် ပံ့ပိုးပေးနိုင်ခဲ့သူဖြစ်သည်။

စပိန်လူမျိုး အသက်(၁၉)နှစ်အရွယ်ရှိ ဖက်ဘရေးဂတ်စ်က လအလိုက် အကောင်းဆုံး ဘောလုံးသမားဆုကို ရရှိသကဲ့သို့ စပိန်လူမျိုး နည်းပြတစ်ဦးဖြစ်သည့် ရာဖေးဘင်နီတက်ဇ်မှာလည်း ဇန်နဝါရီလအတွက် အကောင်းဆုံး နည်းပြဆုကိုရရှိသည်။ ဘင်နီတက်ဇ်၏ လီဗာပူးအသင်းသည် ဇန်နဝါရီလအတွင်း ချန်ပီယံချယ်လ်ဆီးအသင်းနှင့် ယှဉ်ပြိုင်ကစားရသည့်ပွဲ အပါအဝင် ဘောလုံးပွဲလေးပွဲစလုံးတွင် အနိုင်ရရှိခဲ့သည်။ ***အင်တာနက်။***

## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြ

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**



စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် ဓာတုဗေဒလုပ်ငန်း အမှတ်(၁)ရေနံချက်စက်ရုံ (သန်လျင်) မီးဘေး ကြိုတင်ကာကွယ်ရေး ဓာတ်တိုက်လေ့ကျင့်သရုပ်ပြပွဲကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၉ နာရီတွင် သန်လျင် ရေနံချက်စက်ရုံ မီးသတ်ဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ စက်ရုံမှူး ဒုတိယဗိုလ်မှူးကြီးဖေသက်ညွှန့်နှင့် တာဝန်ရှိသူများ၊ ရန်ကုန်တောင်ပိုင်းခရိုင် မီးသတ် ဦးစီးအရာရှိ ရဲသူရသော်ဒါ၊ စခန်းမှူး ဦးထွန်းလင်းနှင့် စက်ရုံမီးသတ်ဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး စက်ရုံမီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်များက လက်တွေ့ဓာတ်တိုက်လေ့ကျင့်သရုပ်ပြသကြောင်း သိရသည်။ **(အပေါ်ပုံ)**

အလားတူ ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံများ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် ခရိုင် မီးသတ်ဦးစီးဌာနနှင့် စက်ရုံ၊အလုပ်ရုံများမှ တာဝန်ရှိသူများနှင့် ညှိနှိုင်း၍ မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောပွဲများ၊ စစ်ဆေးမှုများ၊ လက်တွေ့သရုပ်ပြသမှုများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၂၇)

## အင်အား အသင့်အတင့်ရှိ မြေလျင်လှုပ်ရှား

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက် မြန်မာစံတော်ချိန် ၁၇ နာရီ ၁၇ မိနစ် ၃၀ စက္ကန့် အချိန်တွင် ကမ္ဘာ့အေးမြေငလျင်စခန်း၏ အနောက်တောင်ဘက် မိုင် ၇၃၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပနေရာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၅ ဒသမ ၇ အဆင့်ရှိ အင်အား အသင့်အတင့်ရှိသော မြေလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်သည်။




**ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် ရဲဘော်(၄)လမ်း လမ်းပြုပြင်ရန် မတည်ငွေကျပ် ငါးသိန်းကို ဖေဖော်ဝါရီ ၆ ရက်က ရန်ကုန်တိုင်းသံဃနာယက(မဟာဒွါရ) ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ စန္ဒောဘာသက လမ်းပြုပြင်ရေးကော်မတီထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

# မင်းကွန်းတောင်ရိုး ဓမ္မသာရကျောင်း ထမနဲအလှူတော်

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

မင်းကွန်းတောင်ရိုး မဟာသံဃိက ဓမ္မသာရ ရေ၊ မီး၊ ဆွမ်း၊ ဆေး အလှူတော်အဖွဲ့ကြီး၏ စတုတ္ထအကြိမ်မြောက် ထမနဲအလှူတော်ပွဲကို ကျင်းပမည်ဖြစ်ရာ အဖွဲ့ကြီး၏ ဦးဆောင်ပဓာန နာယက ဆရာတော်ကြီး ဘဒ္ဒန္တ ဓမ္မသာရ (ဒီဃဘာဏက-ဗဟုဇနဟိတရေ)၏ မွေးနေ့အကြိုအဖြစ် ဖေဖော်ဝါရီ၁၅ ရက် (ကြာသပတေးနေ့)တွင် သံဃာအပါး ၁၀၀၀ ကျော်တို့အား အရဏ်ထမနဲဆွမ်းလောင်းလှူ၍ ညှော့ပရိသတ်တို့အား နံနက်၇နာရီမှ စတင်၍ ကျွေးမွေးညှော့ခံမည်ဖြစ်သဖြင့်လှူဒါန်းလိုပါက မင်းကွန်း ဓမ္မသာရ ပရိယတ္တိစာသင်တိုက် ၇/အနောက်ရပ်ကွက် အောင်ချမ်းသာလမ်း(မြေနီ)သာကေတသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)



**ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော်ကြီးအား ပထမအကြိမ် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူရန် တောင်ဥက္ကလာပမြို့နယ် (၁၄/၃)ရပ်ကွက် သံသုမာလမ်းနေ ဦးမောင်မြင့်-ဒေါ်မြဝင်းမိသားစုက အလှူငွေ ကျပ်တစ်သိန်းငါးသောင်းကို စေတီတော်ဩဝါဒါစရိယ ပျော်ဘွယ် ဆရာတော်ဦးနရိန္ဒထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းအောင်ထံ ဇန်နဝါရီ ၇ ရက်က ပေးအပ်လှူဒါန်းစဉ်။** (၆၄)

**ရန်ကုန်မြို့ ဒဂုံမြို့နယ် ယောမင်းကြီးရပ်ကွက် ဗိုလ်ရာညွန့်လမ်းနေ ဦးမြတ်သူမိသားစုက ကွယ်လွန်သူမိခင်ကြီး ဒေါ်မြင့်မြင့်သက် (၆)လပြည့်အား ရည်စူး၍ ဖေဖော်ဝါရီ ၉ရက်က ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ငွေကျပ်သုံးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့အကျိုးဆောင်စာရင်းစစ် ဦးဝင်းထိန် လက်ခံယူစဉ်။** (က-ပ)

# မွေးနေ့ ဆုတောင်း

သမီးလေး **အိမ့်မှူးကြည်ဆွေ** ၏ တစ်နှစ်မြောက် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် ဘိုးဘိုး၊ ဘွားဘွား၊ ဖေဖေ၊ မေမေ၊ ကိုကိုတို့နှင့်အတူ ပျော်ရွှင်ချမ်းမြေ့သော ဘဝကို ပိုင်ဆိုင်နိုင်ပါစေ။

*** ဘိုးဘိုး၊ ဘွားဘွား**
*** ဖေဖေ၊ မေမေ**
*** ကိုကြီး အောင်ခန့်ဆွေ**
*** ကိုလေး အောင်သန့်ဆွေ**

# (၂၆)နှစ်မြောက် မင်္ဂလာဆုတောင်း

**ဦးမောင်မောင်မြင့်**(စက်မှု-၁၊ထွေ/ထိန်းမန်နေဂျာ)နှင့် **ဒေါ်ခင်စောနွဲ့** (ဘိုကလေးမြို့) တို့၏ ၁၂-၂-၂၀၀၇ ရက်မှာ ကျရောက်သော (၂၆)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နှစ်တစ်ရာတိုင် စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် သာယာချမ်းမြေ့သော ဘဝလမ်းခရီးကို လျှောက်လှမ်းနိုင်ပါစေ။

**စိန်မေရီကျောင်းမှ ချစ်သူငယ်ချင်းတစ်စု**
**ဒေစီကျော်ဇော၊ သူသူ၊ ဂူးဂူး**

# မင်္ဂလာညှော့ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်နေ ဦးကေးချစ်-ဒေါ်ပြုံးတို့၏ တစ်ဦးတည်းသောသား

**မောင်ကျော်စိုးလင်း**

**[Bosun(Echo Tsusho Co.,Ltd.CH.Line S.A)]**

နှင့်

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်နေ ဦးညွန့်မြင့်-ဒေါ်ခင်မြဆွေတို့၏ တစ်ဦးတည်းသောသမီး
ဦးကိုကိုထွေး(ဥက္ကဋ္ဌ၊တော်ဝင်မိသားစုကုမ္ပဏီလီမိတက်)-
သီရိသုဓမ္မသိင်္ဂီ ဒေါ်အေးအေးသန်းတို့၏ တူမ

**မဝင်းပပ**

**[B.A (History) (Accountant, Taw Win Family Co.,Ltd.)]**

တို့၏ ၁-၂-၂၀၀၇ (ကြာသပတေးနေ့)တွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်ရှိ မင်္ဂလာနေအိမ်၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးခဲ့သော ရွှေနေချုပ်ရုံး ညွှန်ကြားရေးမှူး ဒေါ်ကျင်စန်းနှင့် အသိသက်သေများအဖြစ် လက်မှတ်ရေးထိုးပေးခဲ့သော ဒေါ်ခင်စောဝင်းနှင့် ဒေါ်စောသန်းတို့အားလည်းကောင်း၊ ၁၁-၂-၂၀၀၇ ရက်တွင် Yuzana Garden Hotel ၌ ကျင်းပသော မင်္ဂလာညှော့ခံပွဲ၌ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်များကို ချီးမြှင့်ဆင်မြန်းပေးပါသော ဗိုလ်မှူးကြီးတင်လှိုင်(ငြိမ်း)နှင့် ဇနီး ဒေါ်ခင်လှလှ၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသော တေးသံရှင် မဟေမာနေဝင်း၊ မင်္ဂလာပန်းခြင်းကိုင်ဆောင်ပေးသော မသဲနုဇာနှင့် မသီဂီဝင်းလဲ့၊ မင်္ဂလာပန်းကြဲပေးသော မဝေမာသန်းအောင်၊ မင်္ဂလာပန်းကုံးနှင့် လက်စွပ်ဗန်းကိုင်ဆောင်ပေးသော မသီရိထွေး၊ သတို့သား၊ သတို့သမီးအရံအဖြစ် ဆောင်ရွက်ပေးသော မောင်ဇော်ဖြိုးနှင့် မချောအိဇော်၊ မင်္ဂလာဝတ်စုံဖန်တီးပေးသော ကိုကို(Fashion Tailor)၊ မိတ်ကပ်၊ ဆံပင်အလှဖန်တီးရှင် အောင်အောင်(တောင်ကြီး)၊ ပန်းအလှပြင် မဘုတ်ဆုံ၊ မှတ်တမ်းတင်ဗွီဒီယိုနှင့် ဓာတ်ပုံရိုက်ကူးပေးသော စိုင်းဘုန်းထူးနှင့်အဖွဲ့၊ ဓာတ်ပုံ Focus ကိုမင်းခိုင်၊ ယူနက်စကိုထွန်းအောင်ကျော်၊ Yuzana Garden Hotel မှ မန်နေဂျာနှင့်တကွ ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာညှော့ခံပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရန် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ကျေးဇူးတင်ထိုက်သူများ အားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့် မောင်ကျော်စိုးလင်း-မဝင်းပပ**

# မင်္ဂလာဦးဆုတောင်းလွှာ

**မောင်ကျော်စိုးလင်း** နှင့် **မဝင်းပပ** တို့၏ (၁၁-၂-၂၀၀၇) နေ့ မင်္ဂလာဦး ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ပျော်ရွှင်မှုအပေါင်းနှင့် ပြည့်စုံသော မိသားစုဘဝကို ပိုင်ဆိုင်နိုင်ပါစေ။

**ဦးလှမြင့်(A.E/လမ်းတံတား၊ YCDC)-ဒေါ်စန်းစန်းဝင်း**
**ဒေါ်စိုးစိုးဝင်း(Fancy Shop)**
**ဦးသက်နိုင်-ဒေါ်မိုးမိုးဝင်း**
**မောင်ညီညီလင်း-မသက်သက်ဝင်း**
**မမေလွင်မာ**
**တူ၊ တူမများ**
**မသီဂီဝင်းလဲ့(လုံးလုံး)**
**တစ်တစ်၊ နှစ်နှစ်**
**မောင်ဇေယျာမင်း**




# လက်ထပ်ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ၉မိုင်၊ ဝိဇ္ဇာလမ်းသွယ်၊ အမှတ်(၅၂/B)နေ
ဦးရဲထွဋ်(ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ကြိုလုပ်ငန်း)-ဒေါ်သင်းသင်းအုန်း(Ame) တို့၏
သားလတ်

**မောင်နိုင်ထွဋ်အောင်**

**(Diploma in Hotel, Restaurant and Tourism Management)**

**(City of London College, London, UK)**

**နှင့်**

Makuhari-6-273, Soverign Hill No(1), Room(202)
Hanamikawa- ku, Chiba-shi, Chiba-ken, Japan နေ
ဦးတေဇ(Director -Shwe Pont Pont Trading Co., Ltd., Yangon & Japan )-ဒေါ်မော်လီမြင့်
တို့၏သမီးကြီး

**မနေယမင်းဦး**

**B.A (International Business Communication)**
**(Takushoku University, Japan), (JRM Group Co., Ltd. Japan)**
**International Marketing Department**

တို့၏ ၁၁-၂-၂၀၀၇ရက် (တနင်္ဂနွေနေ့)တွင် Sedona Hotel (Grand Ball Room)၌ ကျင်းပသော မင်္ဂလာညှော့ခံပွဲသို့ ကြွရောက်၍ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ် ဆင်မြန်းချီးမြှင့်ပေးသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ မင်္ဂလာညှော့ခံပွဲသို့ ကိုယ်တိုင် မကြွရောက်နိုင်သော်လည်း လက်ဖွဲ့ပစ္စည်းပေးပို့ချီးမြှင့်ခဲ့သည့် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့်ဇနီး ဒေါ်ခင်နှင်းဝေ၊ ဗိုလ်ချုပ်နေဝင်းနှင့်ဇနီး၊ ဗိုလ်ချုပ်ခင်ဇော်နှင့်ဇနီး၊ ဗိုလ်ချုပ်ခင်မောင်မြင့်နှင့်ဇနီး၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့်ဇနီးတို့အားလည်းကောင်း၊ မင်္ဂလာညှော့ခံပွဲသို့ ကိုယ်တိုင်ချီးမြှင့်ပေးသော လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၏ဇနီးဒေါ်နီနီဝင်း၊ ဒုတိယဝန်ကြီး ဦးအုန်းမြင့်၏ ဇနီးဒေါ်သက်ဝါတို့အားလည်းကောင်း၊ မင်္ဂလာညှော့ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးသော စစ်ဘက် နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဇနီးများ၊ ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၄၉)မှ အပေါင်းအသင်းများ၊ နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော တင်မိုးလွင်၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးသော တေးသံရှင် ဒေါ်တင်တင်မြ၊ အေဝမ်းစိုးမြင့် တေးဂီတအဖွဲ့နှင့် တေးသံရှင်ဘိုဘိုအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော မေမွန်မွန်အောင်၊ မင်္ဂလာပန်းကုံးကိုင်ဆောင်ပေးသော မေသဥ္ဇာကျော်၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော အေးမြမြဝင်း၊ မင်္ဂလာသတို့သားအရံ မောင်ဇော်ထက်နှင့် မောင်ရဲဝင်းအောင်၊ မင်္ဂလာသတို့သမီးအရံ ခင်စုစုလွင်နှင့် ဝတ်ရည်ဖြိုးတို့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံ ဆင်မြန်းပေးသော ခင်စန်းဝင်းနှင့်အဖွဲ့၊ မိတ်ကပ်ဆံပင်အလှဖန်တီးရှင် အောင်အောင်(တောင်ကြီး)အဖွဲ့၊ မင်္ဂလာလက်ဝတ်ရတနာဆင်မြန်းပေးသော Hallmark Gems & Jewellery မှ ဦးထွန်းထွန်းစိုး-ဒေါ်သက်ထားဆွေနှင့် အန်တီမြ(မြမြရတနာဗိုလ်ချုပ်ဈေး)၊ မှတ်တမ်းတင်ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးသော အကိုင်းနှင့်အဖွဲ့၊ ပန်းအလှပြင် ခင်မောင်ဝင်း၊ Sedona Hotel မှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ ဤမင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြသော ကျေးဇူးတင်ထိုက်သူ အားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့် မောင်နိုင်ထွဋ်အောင်-မနေယမင်းဦး**

# မွေးနေ့ဆုတောင်းလွှာ

**အလ်ဟာဂျ်ကျော်ဇင်မောင်လတ်(ခ)ဟာဂျီကိုလတ်**

(Managing Director)

KO LATT FASHION HOUSE

အမှတ်(၃၀)၊ ဒေါ်သိန်းတင်လမ်း၊ (၈၂)လမ်းထိပ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၃၂၁၇၇၈

၁၂-၂-၂၀၀၇ ပြည်ထောင်စုနေ့တွင် ကျရောက်သော တစ်ဦးတည်းသော ချစ်သားလေး၊ **ဟာဂျီကိုလတ်** မွေးနေ့မှသည် နှစ်(၁၂၀)တိုင် ကျန်းမာချမ်းသာပြီး အောင်မြင်ခြင်း၊ တိုးတက်ခြင်း၊ မတောင့်တဘဲ ပြည့်စုံခြင်းနှင့်အတူ ဆန္ဒနှင့်ဘဝ တစ်ထပ်တည်းကျရောက်ပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

**ချစ်ဖေဖေ -အလ်ဟာဂျ်ကျော်ဌေးဝင်း (ခ) ဟာဂျီဦးဌေးဝင်း၊ ဟဂျ်နှင့်အွမ်မ္ဗရာ ဝန်ဆောင်မှုလုပ်ငန်း၊ အမှတ်(၃၀)၊ ဒေါ်သိန်းတင်လမ်း၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၃၂၁၇၇၈**
**ချစ်မေမေ-အလ်ဟာဂျ်ဟာဂျီမ ဒေါ်လှလှဝင်း (ဇင်မီ၊ ကိုလတ် အဆင့်မြင့်ဖက်ရှင်ရှော့ပ်) အမှတ်(၂၇)၊ (၃)လမ်း၊ အောင်သုခရပ်ကွက်၊ ရေးမြို့၊ ဖုန်း-၀၅၇-၅၀၁၈၇**
**ချစ်မမ -မဌေးဇင်မီလတ်(ခ)ဇင်မီ(ဇင်မီစတိုး အဆင့်မြင့်ဖက်ရှင်ရှော့ပ်)မြသီတာဈေး၊ ရေးမြို့။ အမှတ်(၃၁)၊လမ်း(၁၃၀)၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့၊ဖုန်း-၀၉-၅၃၂၁၇၀၅**

# ဟသ်ာတအသင်း (ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

ဟသ်ာတအသင်း(ရန်ကုန်)၏ နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၅ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ဗိုလ်တထောင်မြို့နယ် (၄၅)လမ်း အမှတ်(၁၈၄/၁၈၆) ရှိ ဟသ်ာတအသင်းတိုက်၌ ကျင်းပမည်ဖြစ်၍ အသင်းဝင်များအားလုံး၊ အသင်းမဝင်ရသေးသော ဟသ်ာတသူ/သားများ၊ ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်များ တက်ရောက်ကြရန်နှင့် အသက် (၈၀) ပြည့်ပြီးသော အသင်းဝင်များသည် မှတ်ပုံတင်မိတ္တူဖြင့်လည်းကောင်း၊ ပညာရည်ချွန်ဆုအတွက် ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော သားသမီးများသည် အထောက်အထားများဖြင့်လည်းကောင်း ဦးတင်အေး ဖုန်း-၆၅၀၇၂၈၊ ဦးသန်းဦး ဖုန်း-၂၅၃၁၁၀နှင့် အသင်းတိုက် ဖုန်း-၂၀၁၁၁၄တို့သို့ ဆက်သွယ် သတင်းပို့ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

# ပြင်ဆင်ဖတ်ရှုပါရန်

၁၀-၂-၂၀၀၇ ရက် ကြေးမုံသတင်းစာ စာမျက်နှာ(၁၃)ပါ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်းကြော်ငြာတွင် မအေးကြူကြူမော်၏ နိုင်ငံသား စိစစ်ရေးကတ်အမှတ်မှာ [၁၂/ဒဂတ(နိုင်)၀၀၃၁၆၃] ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးချစ်**
**[၁၂/သဃက(နိုင်)၀၆၈၂၀၇]**

# နိုင်ငံရေးလုပ်စားသူတွေကို ထုတ်ပယ်ဖျက်သိမ်းပြီး လက်နက်ကိုင်တိုက်ပွဲတွေ ကင်းစင်တဲ့ ငြိမ်းချမ်းရေး အခြေခံဒေသတွေ တည်ဆောက်ဖို့ ငြိမ်းချမ်းရေး ရယူခဲ့ခြင်းဖြစ်

## ငြိမ်းချမ်းရေးနှင့် လက်တစ်ကမ်းအလိုအထိ မကြာခဏရောက်ရှိခဲ့သော်လည်း ပြည်ပအဖွဲ့အစည်းများ၏ ဩဇာခံ သံယောင်လိုက်သော နောက်မြီးဆွဲများက ကရင်အမျိုးသားရေးနှင့် တိုက်ရိုက်ပတ်သက်မှုမရှိသည့် တောင်းဆိုချက်များကို ပြည်ပအလိုကျ ရှေ့တန်းတင်မှုကြောင့် အကြိမ်ကြိမ် ပျက်ပြားခဲ့ရ

## ကရင်အမျိုးသား အစည်းအရုံးနှင့် ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်၏ သမိုင်းကြောင်းကို နိုင်ငံတော်၏ သမိုင်းရေးလိုအပ်ချက်နှင့် ပေါင်းစပ်လိုက်ခြင်းဖြစ်

နေပြည်တော် ဖေဖော်ဝါရီ ၁၁

**ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ထို့ကော်ကိုးကျေးရွာ၌ ကျင်းပသည့် ကရင်အမျိုးသား အစည်းအရုံး (KNU)/ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) ငြိမ်းချမ်းရေးကောင်စီ၏ ငြိမ်းချမ်းရေးအောင်ပွဲ ကြိုဆိုသည့် အခမ်းအနားတွင် ကရင်အမျိုးသားအစည်းအရုံး(KNU)/ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) ငြိမ်းချမ်းရေးကောင်စီ ဥက္ကဋ္ဌ တပ်မဟာ(၇) တပ်မဟာမှူး ဗိုလ်ချုပ်ဌေးမောင်က ငြိမ်းချမ်းရေးအောင်ပွဲ ဆင်နွှဲခဲ့ခြင်းနှင့်စပ်လျဉ်းသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။**

အဆိုပါ ရှင်းလင်းပြောကြားချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

အားလုံးကို မင်္ဂလာပါလို့ နှုတ်ဆက်ပါတယ်။

ကျွန်တော်ဟာ အသက် (၁၇)နှစ်သားမှစပြီး နှစ်ပေါင်းများစွာ ဒုက္ခဆင်းရဲခံပြီး ရိုးရိုးသားသား အနစ်နာခံခဲ့တဲ့ ကရင်စစ်သားကြီးတစ်ယောက် ဖြစ်ပါတယ်။ သို့သော်

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ✻




**ကရင်အမျိုးသား အစည်းအရုံး (KNU)/ ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော် (KNLA) ငြိမ်းချမ်းရေး ကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ် ဌေးမောင် ရှင်းလင်းပြောကြားစဉ်။** (သတင်းစဉ်)

## ရောက်ရှိချိန်တွင် နွေးထွေးစွာကြိုဆိုကူညီကြသော ရွာသူ ရွာသား အားလုံးကို အထူးကျေးဇူးတင် ငြိမ်းချမ်းရေးရရှိအောင် ဝိုင်းဝန်းကြိုးစားပေးကြသော အဖွဲ့အစည်းအားလုံးကို ကျေးဇူးတင်

နေပြည်တော် ဖေဖော်ဝါရီ ၁၁

**ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ထို့ကော်ကိုးကျေးရွာ၌ ကျင်းပသည့် ကရင်အမျိုးသားအစည်းအရုံး(KNU)/ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (KNLA) ငြိမ်းချမ်းရေးကောင်စီ၏ ငြိမ်းချမ်းရေးအောင်ပွဲ ကြိုဆိုသည့် အခမ်းအနားတွင် ကရင်အမျိုးသား အစည်းအရုံး(KNU)/ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (KNLA) ငြိမ်းချမ်းရေးကောင်စီ တပ်မဟာ(၇)မှ ဗိုလ်မှူးကြီး စောထော့လေးက ငြိမ်းချမ်းရေးအောင်ပွဲ ဆင်နွှဲခဲ့ခြင်းနှင့်စပ်လျဉ်း၍ ကျေးဇူးတင်စကားပြောကြားသည်။**

အဆိုပါ ကျေးဇူးတင်စကား အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်သည်–

ဒီနေ့ဟာ ကရင်အမျိုးသားနေ့ဖြစ်ပြီး တိုက်ဆိုင်စွာ ငြိမ်းချမ်းရေး အောင်ပွဲကို ကြိုဆိုသော နေ့ထူးနေ့မြတ်ဖြစ်ပါတယ်။

ကျွန်တော်တို့ ဤဒေသသို့ ရောက်ရှိသောအချိန်တွင် နွေးထွေးစွာ ကြိုဆိုကူညီကြသော ရွာသူ၊ ရွာသား အားလုံးကို အထူးကျေးဇူးတင် ရှိပါတယ်။

ကျွန်တော်တို့ ယခုလို ငြိမ်းချမ်းရေးလုပ်ဆောင်ချိန်မှာ ပါဝင်ခြင်း မရှိသေးတဲ့

**စာမျက်နှာ ၉ ကော်လံ ၂ သို့** ❀




**အထူးထုတ် အချပ်ပိုပါရှိ**

**ယနေ့ထုတ်သတင်းစာတွင် ပြည်ထောင်စုနေ့ အထူးထုတ် ရောင်စုံ အချပ်ပို လေးမျက်နှာ ပါရှိသည်။**

**ကြေးမုံ The Mirror — နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြု**

☆ **တိုင်းရင်းသားလူမျိုးများ ချစ်ချစ်ခင်ခင်လက်တွဲရပ်တည် အေးချမ်းသာယာ ညီညာပေါင်းစု ပြည်ထောင်စုကြီး အဓွန့်ရှည်** (ခေါင်းကြီး) စာမျက်နှာ–၂

☆ တက္ကသိုလ်မောင်သုလှိုင်၏ **“ပြည်ထောင်စုကြီး အဓွန့်ရှည်စွာ တည်တံ့ခိုင်မြဲရေး ပြည်ထောင်စု စိတ်ဓာတ်ဖြင့် အစဉ်ထိန်းသိမ်းကာကွယ်”** (ဆောင်းပါး) အထူးထုတ်–(ဃ)၊(ခ)၊(ဂ)

☆ ခွန်ရဲသွေး(အေးသာယာ)၏ **“ပြည်ထောင်စုပွဲ နွှဲကြပျော်ပျော်”** (ကဗျာ) အထူးထုတ်–(ဂ)

☆ မင်းဦး–ဒဿန၏ **“စည်းလုံးခြင်းစွမ်းအားနဲ့ ဖွံ့ဖြိုးဝေစည် ပြည်သစ်တည်ခဲ့ပြီပေါ့”**(ကာတွန်း) စာမျက်နှာ–၁၁

**ကျေးဇူးတင်စကား**

**ကရင်အမျိုးသား အစည်းအရုံး(KNU)/ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (KNLA) ငြိမ်းချမ်းရေး ကောင်စီ တပ်မဟာ (၇)မှ ဗိုလ်မှူးကြီး စောထော့လေး ကျေးဇူးတင်စကား ပြောကြားစဉ်။** (သတင်းစဉ်)